ကြေးမုံ The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-4-2007) (၅၂၉၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့် လျော်ညီစေရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းကို ကုန်ကျငွေများစွာ ရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာအဆင့်မီရန် ဆောင်ရွက်ထား လေယာဉ်စီးခရီးသည်များအား အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန် ဌာနများအချင်းချင်း ညှိနှိုင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေး အဆောက်အအုံသို့ ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)**နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ အဆောက်အအုံကို တွေ့ရစဉ်။** (ဝဲပုံ)

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၄-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ဆေးဝါးများ အကျိုးအာနိသင်အမြဲမပြတ် လေ့လာ အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးများ ထုတ်လုပ်ဖြန့်ဖြူး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၁၉ ရက်နေ့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ နှင့် တွေ့ဆုံရာတွင်-

“ပြည်သူများအတွက် အားကိုးအားထားပြုရသည့် ခေတ်မီ အဆင့်မီဆေးဝါးများဖြစ်အောင် တာဝန်ရှိသူများအနေဖြင့် ဆေးဝါး များ၏ အကျိုးအာနိသင်နှင့် ဘေးထွက်အကျိုးသက်ရောက်မှုတို့ကို အမြဲမပြတ်လေ့လာညှိနှိုင်းဆွေးနွေးနေရန် လိုကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၌ အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဝမ်းကိုက်၊ ဝမ်းလျှောစသည့် ရောဂါတို့ကို ထိထိရောက်ရောက် ကုသနိုင်သည့် ကိုယ်ပိုင်ဆေးဝါးများ အမြန်ဆုံးထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း” လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်က ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးရာတွင် ပညာပေးမှု၊ ရောဂါကာကွယ်မှု၊ ရောဂါကုသမှု အပိုင်းများ ကို ဟန်ချက်ညီညီ ဖော်ဆောင်လျက်ရှိသည်။ ပြည်သူများ အားကိုး အားထားပြုရသည့် ခေတ်မီအဆင့်မီဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး နိုင်ရေးအတွက် ဆေးသုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက် လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက် မြန်မာပြည်)ရှိ ပရဆေးဥယျာဉ်၌ ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဝမ်းလျှော၊ ဝမ်းပျက်နှင့် ဝမ်းကိုက်ရောဂါများအတွက် ကာကွယ် ကုသပေးနိုင်သည့် ပရဆေးပင်အမျိုးမျိုးကို စိုက်ပျိုးထားသည်။

ယခုအခါ အဆိုပါ အဓိကရောဂါခြောက်မျိုးအတွက် အစွမ်း အာနိသင်ထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးပင်များကို သုတေသန ပြုခြင်း၊ နည်းစဉ်များ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၏ စက်တပ်ဆင်မှုလုပ်ငန်း များ မကြာမီပြီးစီးတော့မည်ဖြစ်ရာ ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့် အမယ်ပေါင်း ၂၁၃ မျိုး ထုတ်လုပ်ဖြန့်ဖြူးသွားမည် ဖြစ်သည်။ တာဝန်ရှိသူအသီးသီးတို့က မိမိတို့ စက်ရုံမှ ထုတ်လုပ်သည့်ဆေးဝါး များ ခေတ်မီအဆင့်မီ အရည်အသွေးမြင့်မားရေး၊ အများပြည်သူ ဝယ်ယူအသုံးပြုနိုင်သည့် အဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ် နိုင်ရေး ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးကို ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါ သည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ကွယ်လွန်သူ မိဘနှစ်ပါးနှင့် သားမောင်အောင်ဇော်ဦးတို့အား ရည်စူး၍ ဆရာမ ဒေါ်တင်မြ၊ ဒေါ်ခင်သွဲ့၊ သမီး မချိုနွယ်ဦး၊ မယဉ်မင်းထိုက် မိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ကျောင်းအကျိုးတော် ဆောင်ဆရာတော် (မဟာသိမ်တော်ကြီး စာချ-နာယက) ဦးဂန္ဓသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနေမှုများ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၀ရက် နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ် မောင်မောင်ဆွေသည် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနေသည့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ဦးစီးဌာနရုံးသို့ ရောက်ရှိလာရာ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံ တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် ဧရာဝတီတိုင်း ဦးစီးဌာနမှူး ဦးမောင်ဩတို့က ပုသိမ် မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြ သည်။

ဆွေးနွေး

ထို့နောက် ဝန်ကြီးသည် အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား လျှောက်ထားမှု၊ အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား လျှောက်ထားမှု၊ အသက် (၁၀)နှစ်မှ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ် ရေးကတ်ပြား လဲလှယ်ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(ပျောက်ဆုံး၊ ပျက်စီး) မိတ္တူလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဒုတိယညွှန်ကြားရေးမှူး ဦးကံညွှန့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးခင် မောင်သန်းနှင့် ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ကို တာဝန်ရှိသူများအား ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့နယ် နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ အား တွေ့ဆုံကာ နိုင်ငံသား စိစစ်ရေး ကတ်ပြားနှင့် စပ်လျဉ်း၍ လိုအပ်သည် များကို ဆွေးနွေးမှာကြားပြီး ညွှန်ကြား ရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေး ရာတွင် ပါဝင်ကူညီ ပံ့ပိုးဆောင်ရွက် ပေးရမည့် လုပ်ငန်းများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ဝန်ကြီးက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးရာတွင် လွယ်ကူလျင်မြန် စေရေး နိုင်ငံတစ်ဝန်းလုံး လှုပ်ရှားမှု တစ်ရပ်အနေဖြင့် ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး စိစစ်ပြီးသည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ၃၂၀ ကို သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုများကို ကြည့်ရှု အားပေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဖခင်ကြီး ဦးဘိုကြီး-မိခင်ကြီး ဒေါ်မြကျင်တို့အား ရည်စူး၍ ရန်ကုန် မြို့ ဒဂုံမြို့သစ်တောင်ပိုင်း (၆၄) ရပ်ကွက် စက်မှုဇုန်(၂)နေ ဦးဝင်းမောင်- ဒေါ်အေးအေးသင်း(ခ)ပါပေါ့၊ သား မောင်ဟန်ဝင်းအောင် (တော်ဝင်သစ်ခွ K.K.Kပလတ်စတစ်အိတ်ပါး) မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ထီးတော်တင်လှူပွဲနှင့် ဆွမ်းကြီးလောင်းလှူပွဲ

ရန်ကုန် ဧပြီ ၂၄

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ် မြို့မ မဟာသတိပဋ္ဌာန်ကျောင်းရှိ ဗောဓိပက္ခိယ စေတီတော်မြတ်ကြီးအား ဗောဓိပက္ခိယ ပင်မစေတီတော် မတည် အလှူရှင် ဦးတင်အောင်-ဒေါ်မြင့်မြင့် အေးမိသားစု (စက်နှင့်အပိုပစ္စည်း ရောင်းဝယ်ရေး)၊ ပင်မစေတီ ရွှေထီး တော် မတည်အလှူရှင် ဦးလှဝ-ဒေါ်အုံး ကြည်မိသားစု လှည်းတန်းရပ်၊ မုခ်ဦး အလှူရှင် စိုးဝင်းလက်ဖက်ခြောက် မိသားစုနှင့် အရံစေတီတော်အလှူရှင် ဘုရားဒါယကာ၊ ဘုရားဒါယိကာမ မိသားစုများက ဧပြီ ၃၀ ရက် (ကဆုန် လပြည့်နေ့) နံနက် ၇ နာရီခွဲတွင် ဗောဓိပက္ခိယစေတီတော်ကြီးအား ပန်း ရထားဖြင့် ရွှေထီးတော်တင်လှူပြီး ဘုရား အနေကဇာတင်မည်ဖြစ်သည်။ နံနက် ၉ နာရီတွင် သံဃာတော်နှင့် သီလရှင် ၁၀၈ ပါးတို့အား ဆွမ်းကြီး လောင်းလှူ ပြီး နံနက် ၉ နာရီခွဲတွင် လှူဖွယ်ဝတ္ထု များ ဆက်ကပ်လှူဒါန်းကာ ရေစက်ချ အမျှပေးဝေ၍ နံနက် ၁၀ နာရီခွဲတွင် သံဃာတော်နှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်မည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

အရှင်ဩဘာသ၏ ဂုဏဝိသိဋ္ဌပူဇာပွဲ

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၇) ဖြင့် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်၊ ချီးမြှင့်ခြင်းခံရသော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေး ကျောင်းတိုက် မြတ်မင်္ဂလာကျောင်း ပဓာနနာယကဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ အရှင်ဩဘာသ၏ ဂုဏ ဝိသိဋ္ဌပူဇာသဘင်နှင့် ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၏ ဂုဏ်ထူးဆောင် နာယက အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးအောင် ကြည်မြင့်အား ချီးကျူးဂုဏ်ပြုပွဲကို မေ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဇမ္ဗူအေးကျောင်းတိုက် မြတ် မင်္ဂလာကျောင်း၌ စည်ကားသိုက်မြိုက် စွာ ကျင်းပမည်ဖြစ်ကြောင်းနှင့် ရပ်ဝေး၊ ရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ များ၊ မိတ်ဆွေများ၊ အလှူရှင်များ အနေ ဖြင့် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးချိုအေး (ACA) ဖုန်း-၆၉၉၅၁၈၊ ၀၉ ၀၈ ၂၀၄၀၀ နှင့် ဦးဘချို၊ ဦးအောင် သိန်း(မြတ်မင်္ဂလာကျောင်း) ဖုန်း-၆၉၀ ၄၉၉ တို့ထံ ဆက်သွယ် လှူဒါန်းနိုင် ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်း လမ်းရှိ သစ္စာဒီပကဝိပဿနာ အဖွဲ့ ချုပ်ရိပ်သာ ဆောက်လုပ်ရေး အတွက် ဗဟန်းမြို့နယ်နေ ရပ်ရှင် သရုပ်ဆောင် ဖေလုဝ-ဇနီးမစုစုခိုင်၊ သား ဖေလုသက္ကရာဇ်တို့က ငွေကျပ် တစ်သိန်း လှူဒါန်းရာ နာယက ဦးအေးကိုနှင့် ဘဏ္ဍာရေးမှူး ဦးမျိုး မြင့်တို့ လက်ခံရယူစဉ်။ (ကြေးမုံ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့အား နေပြည်တော်ခရီးစဉ် မှတ်တမ်းအယ်လ်ဘမ်နှင့် စီဒီခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နေပြည်တော်၌ ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့် အဖွဲ့အား ယမန်နေ့ညပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမှတ်တရလက်ဆောင်ပေးအပ်

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်အား နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည် အမှတ်တရလက်ဆောင်အဖြစ် နေပြည်တော် မြို့တော်ခန်းမ ဓာတ်ပုံကို ပေးအပ်စဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဧပြီ ၂၄ရက်က အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E Mrs. Ruth Schatz ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မော်လိုက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံက မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၂၄

ရုပ်မြင်သံကြားတိုးချဲ့ ထုတ်လွှင့်ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်း မော်လိုက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် ဧပြီ ၇ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံက လွှင့်အားဝပ် ၁၀၀၊ လိုင်းနံပါတ်(၈)ဖြင့် ၂၀၀၇ခုနှစ် ဧပြီ ၈ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်းပြောကြား

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိလာကြရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများက ကြိုဆိုကြသည်။

ထို့နောက် မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမဆောင်၌ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးက နေပြည်တော်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လွှတ်တော်အဆောက်အအုံနှင့် ရုံးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆင့်မြင့်ဈေးများ၊ ဟိုတယ်ဇုန်၊ မြို့တော်ခန်းမ၊ လပဟာပြင်ဇာတ်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ လမ်းဆုံအဝိုင်းများ၊ တံတားများ၊ ဂေါက်ကွင်းများနှင့် လမ်းမကြီးများ တစ်လမ်းနှင့်တစ်လမ်း ဆက်စပ်ဖောက်လုပ်နေမှု အခြေအနေများကိုရှင်းလင်းပြောကြားပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ပေးအပ်

ဆက်လက်၍ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်အား နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးက အမှတ်တရ လက်ဆောင်အဖြစ် နေပြည်တော် မြို့တော်ခန်းမ ဓာတ်ပုံကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော် မြို့တော်ခန်းမမှ ပြန်လည်ထွက်ခွာသွားပြီး နေပြည်တော်အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ မေ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

အကြိမ်(၂၂၀)မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို မေ ၁ရက်တွင် အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ အမှတ်(၁၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှ စတင်၍ တစ်ရက်တည်း အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ လေးဆု၊ ငွေကျပ် သိန်း ၁၀၀ ၃၁ဆု၊ ငွေကျပ် ၁၀သိန်း ၄၆၄ဆု၊ ငွေကျပ် ငါးသိန်းဆု ၂၀၊ ငွေကျပ် လေးသိန်း ၂၅ ဆု၊ ငွေကျပ် နှစ်သိန်း ၁၈၅ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၄၄၀၊ ငွေကျပ်ရှစ်သောင်း ၆၃ ဆု၊ ငွေကျပ် လေးသောင်းဆု ၁၀၀၊ ငွေကျပ် နှစ်သောင်း ၁၄၉၃၄ ဆု စုစုပေါင်း ၁၇၂၆၉ဆု ဖြစ်သည်။

အကြိမ်(၂၂၀)မြောက် ငွေကျပ် ၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေ ကျပ်ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ၂၀၀၇ ကျင်းပမည့်ရက် ပြောင်းလဲ

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက နှစ်စဉ်ကျင်းပလျက်ရှိသော ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ ၂၀၀၇ ကို ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၃ရက်မှ ၈ရက်အထိ ကျင်းပမည့်အစား မေ ၅ရက်မှ ၉ရက်အထိ ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းများမှ ရွေးချယ်ခံရသော ထူးချွန်ကြက်ခြေနီများသည် မေ ၃ရက်ထက်မစော၊ မေ ၄ရက်ထက် နောက်မကျဘဲ ထူးချွန်ကြက်ခြေနီစခန်းသို့ ရောက်ရှိ သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ပိုင်းတွင် သစ်သီးဈေးပွဲတော်ကျင်းပရာ ကြည့်ရှုအားပေးသူအချို့ သစ်သီးဝလံများအား မြည်းစမ်းကြည့်နေကြသည်ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒေသဆိုင်ရာ ကုန်သွယ်ရေးသဘောတူညီချက်များ ကမ္ဘာ့ကုန်သွယ်ရေးအတွက် အကျိုးဖြစ်ထွန်းစေနိုင်

ဘိုအော (တရုတ်) ဧပြီ ၂၃

အာရှ-ပစိဖိတ်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများသည် တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းရှိ ဘိုအောမြို့တွင် ဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံဆိုင်ရာနှင့် ဒေသဆိုင်ရာကုန်သွယ်ရေးသဘောတူညီချက်များသည် ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍအတွက် အကျိုးဖြစ်ထွန်းစေကြောင်း စနေနေ့က ပြောကြားလိုက်ကြသည်။

လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက်များ(အက်ဖ်တီအေ)နှင့် ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များ (အာတီအေ)များ အသီးသီးပေါ်ထွန်းလာခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ကုန်သွယ်ရေးဆွေးနွေးပွဲများကို ထိခိုက်စေနိုင်သည်ဟု အချို့က ထင်မြင်ယူဆကြသည်။ နှစ်နိုင်ငံဆိုင်ရာနှင့် ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များသည် နိုင်ငံစုံ ကုန်သွယ်ရေးကဏ္ဍအတွက် ပြီးပြည့်စုံစေသည်ဟု စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး လင်ဟန်ကီယန်ကပြောကြားသည်။ ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များက ကုန်သွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းများကို ချမှတ်ပေးနိုင်ဖွယ်ရှိသည်ဟု ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စပိန်သို့ကမ္ဘာလှည့်ခရီးသည်လာရောက်မှု ပထမသုံးလအတွင်း ၅ ရာခိုင်နှုန်းကျော်မြင့်တက်

မဒရစ် ဧပြီ ၂၃

စပိန်နိုင်ငံသို့ ယခုနှစ် ပထမသုံးလတာကာလအတွင်း ကမ္ဘာလှည့်ခရီးသည် ၁၀ ဒသမ ၁ သန်းလာရောက်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် အလားတူကာလထက် ၅ ဒသမ ၃ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းခရီးသွားလုပ်ငန်းဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာသည်။

ယခုနှစ် ပထမသုံးလတာကာလအတွင်း ဗြိတိန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ဂျာမနီနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ၆ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ယခုနှစ် မတ်လတစ်လတည်းမှာပင် စပိန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၁ သန်းလာရောက်ခဲ့ပြီး ယမန်နှစ်မတ်လထက် ၆ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။ ခရီးသည်အများစုမှာ ကတာလိုးနီးယားနှင့် ကနေရီကျွန်းတို့သို့ သွားရောက်ခဲ့ကြသည်။

စပိန်နိုင်ငံသည် ပြင်သစ်နိုင်ငံပြီးလျှင် ကမ္ဘာလှည့်ခရီးသည်များ ဒုတိယအနှစ်သက်ဆုံးနေရာဖြစ်သည်။ စပိန်နိုင်ငံ၏ ဂျီဒီပီ ၁၁ ရာခိုင်နှုန်းနီးပါးကို ခရီးသွားလုပ်ငန်းက ဖြည့်ဆည်းပေးလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အသံထက်မြန်သော ဘရာမို့စ်ဒုံးကျည် အိန္ဒိယ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

ဘယ်လာဆော်ရီ ဧပြီ ၂၄

ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပူးပေါင်းထုတ်လုပ်သော ဘရာမို့စ်ဒုံးကျည်ကို အိန္ဒိယနိုင်ငံ ချန်ဒီပါအရပ်မှ ဧပြီ ၂၂ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

ထိုခရုဇ်ဒုံးကျည်ကို နံနက် ၁၁း၂၂နာရီတွင် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်နိုင်သည်ကို တွေ့ရကြောင်း သတင်းများက ဖော်ပြသည်။

ယခုပစ်လွှတ်ခြင်းသည် ၁၄ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်ပြီး ကီလိုမီတာ ၂၉၀ အကွာအဝေးရှိ ပစ်မှတ်ကို ပစ်ခတ်နိုင်သော အမျိုးအစားဖြစ်ကာ ရေတပ်၏ ဖျက်သင်္ဘောပေါ်မှလည်း စမ်းသပ်ပစ်လွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် အိန္ဒိယနိုင်ငံတို့အကြား ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်က ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ ဘရာမို့စ် ဒုံးပျံကို စမ်းသပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းဒုံးကျည်သည် အသံ၏အလျင်နှုန်း သုံးဆနီးပါး သို့မဟုတ် ၂ ဒသမ ၈၂၃ နှုန်းဖြင့် ပစ်မှတ်ဆီသို့ သွားရောက်နိုင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဟိမဝန္တာတောင်ကြားဒေသ၌တည်ရှိသည့် ဘူတန်နိုင်ငံ၏ အလှအပရှုခင်းတစ်စိတ်တစ်ဒေသကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားတွင် ရဟတ်ယာဉ်ပျက်ကျ

လေဂို့စ် ဧပြီ ၂၃

နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်း အိုင်မိုပြည်နယ်တွင် နိုင်ဂျီးရီးယားရေတပ်မှ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူလေးဦးသေဆုံးသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

ရဟတ်ယာဉ်သည် လေဆိပ်သို့ ဆင်းသက်စဉ် ည ၉နာရီမိနစ်၃၀တွင် ပျက်ကျခြင်းဖြစ်သည်ဟု လုံခြုံရေး ရပ်ကွက်မှလာသော သတင်းက ဆိုသည်။

ထိုရဟတ်ယာဉ်သည် အခြားရဟတ်ယာဉ်တစ်စင်းကို အစောင့်အရှောက်အဖြစ် လိုက်ပါလာစဉ် ယင်းမတော်တဆမှုနှင့် ကြုံရခြင်းဖြစ်သည်။ ထိုရဟတ်ယာဉ်ပျက်ကျသည့်သတင်းကို နိုင်ဂျီးရီးယားရေတပ်က အတည်ပြုပြောကြားသည်။

လွန်ခဲ့သော ခြောက်လခန့်ကလည်း နိုင်ဂျီးရီးယားနိုင်ငံတွင် စစ်ဘက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရသဖြင့် လူအများအပြား အသက်ဆုံးရှုံးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လယ်ယာသုံးစက်ကိရိယာများ ဇင်ဘာဘွေသို့ တရုတ်ထောက်ပံ့

ဟာရာရေး ဧပြီ ၂၃

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ အစိုးရက လူဖြူများပိုင်ဆိုင်သည့် လယ်ယာမြေများကို သိမ်းယူရာတွင် ပျက်စီးထိခိုက်ခဲ့သော လယ်ယာသုံးယန္တရားပစ္စည်းများအတွက်အစားထိုးရန်တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၂၅ သန်းဖိုးရှိ လယ်ယာသုံးပစ္စည်းများကို ဇင်ဘာဘွေအစိုးရထံ စနေနေ့တွင် ထောက်ပံ့ပေးလိုက်သည်။

အနောက်အုပ်စုအင်အားကြီးနိုင်ငံများကဇင်ဘာဘွေနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ရာ သမ္မတမူဂါဘီအနေဖြင့် အရှေ့အုပ်စုအထူးသဖြင့် တရုတ်နိုင်ငံမှ အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများကို တောင်းခံခဲ့ရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဗြိတိသျှသတင်းထောက် ကင်ညာတွင် အဖမ်းခံရ

နိုင်ရိုဘီ ဧပြီ ၂၃

ဗြိတိသျှသတင်းထောက်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် ကင်ညာနိုင်ငံသားတို့ကို နိုင်ရိုဘီမြို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးအရာရှိများကဖမ်းဆီး၍စစ်ဆေးမေးမြန်းခဲ့ကြောင်း၊ ၎င်းတို့သည် ကင်ညာနိုင်ငံ မြို့တော် နိုင်ရိုဘီရှိ ကီလီကက်ကျ်ဝါရဲဌာန အပြင်ဘက်ကို ဗီဒီယိုရိုက်သည့်အတွက် အကြမ်းဖက်မှုနှင့် ဆက်နွယ်လုပ်ရှားမှု ရှိမည်ဟု သံသယဖြင့် အဖမ်းခံရကြောင်း ဒေသဆိုင်ရာ ဗီဒီယိုရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ကြေညာသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

လက်နက်မှောင်ခိုသူများကို အိုင်ယာလန်ရဲတပ်ဖွဲ့ဖမ်းဆီး

လန်ဒန် ဧပြီ ၂၃

အိုင်ယာလန်ရဲတပ်ဖွဲ့က လက်နက်မှောင်ခိုမှု နှိမ်နင်းသည့် စစ်ဆင်ရေးတွင် လူ လေးဦးကိုဖမ်းဆီးခဲ့ပြီး စနေနေ့က လက်နက်များကို သိမ်းဆည်းခဲ့ကြောင်း အိုင်ယာလန်နိုင်ငံ မြို့တော် ဒဗ္ဗလင်မှ ရောက်ရှိလာသည့် သတင်းများအရ သိရှိရသည်။

အိုင်ယာလန်နိုင်ငံ၏ အနောက်တောင်ပိုင်းရှိ ကော့မြို့ဆင်ခြေဖုံးဒေသတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ စုံထောက်များနှင့် ပြည်ပအေဂျင်စီများက ရက်သတ္တပတ်ပေါင်းများစွာ စောင့်ကြည့်လေ့လာပြီးနောက် ယင်းသို့ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းစစ်ဆင်ရေးတွင် ရဲအရာရှိများက လက်နက်ငယ်များနှင့် အခြား ဒုံးပစ်လောင်ချာများ၊ သေနတ်များနှင့် ရိုင်ဖယ်များကို သိမ်းဆည်းခဲ့သည်။ အဖမ်းခံရသူများမှာ ယောကျ်ားသုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့ဖြစ်ပြီး ၎င်းတို့အား မလွှတ်မီ သို့မဟုတ် စွဲချက်မတင်မီ မေးမြန်းမှုများ ပြုလုပ်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သီရိလင်္ကာအရှေ့မြောက်ပိုင်းတွင် ထောက်လှမ်းရေးလေယာဉ်ပျက်ကျ

ကိုလံဘို ဧပြီ ၂၃

သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဧပြီ ၂၀ ရက်က ထောက်လှမ်းရေးလေယာဉ် ပျက်ကျသွားကြောင်းပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံလုပ် အဆိုပါလေယာဉ်သည် နိုင်ငံအရှေ့မြောက်ပိုင်း၌ ကင်းထောက်လှမ်းနေစဉ် ဘူလ်မိုဒ်ဒိုင်းမြို့တွင် ပျက်ကျကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းထောက်လှမ်းရေးလေယာဉ်သည် မြေပြင်အခြေစိုက်စခန်းနှင့် ဆက်သွယ်ရေး ပြတ်တောက်သွားကြောင်း၊ ယင်းလေယာဉ်ကို ရှာဖွေရန် ရဟတ်ယာဉ်များကို စေလွှတ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ ၁၉၉၇ ခုနှစ်မှစ၍ ယနေ့အထိ ထောက်လှမ်းရေးလေယာဉ်လေးစင်း ပျက်ကျခဲ့သည်။ ***အမ်အင်အေ၊ ပီတီအိုင်။***

ဂျပန်နိုင်ငံရှိ ကန်စိုင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ အဆောက်အအုံအချို့ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ပြုလုပ်သော လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၈၈၀၀၀၀ ဖြင့် ရောင်းချလိုက်သည့် ၁၉၃၉ ခုနှစ်ထုတ် အာလ်ဖာရိုမီယိုကားကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၁၅ခုနှစ်တွင် ဗီယက်နမ် ရော်ဘာစိုက်ပျိုးမှု နှစ်ဆတိုးမြှင့်မည်

ဟန်နွိုင်း မေ ၂၃

ဗီယက်နမ်နိုင်ငံသည် ၂၀၁၅ခုနှစ် အရောက်တွင် ရော်ဘာစိုက်ဧရိယာ တစ်သန်းရရှိရန် ရည်မှန်းကြိုးပမ်းလျက်ရှိကြောင်း ဒေသခံမီဒီယာများက မေ ၂၃ရက်တွင် ဖော်ပြသည်။

ရော်ဘာစိုက်ဧရိယာသည် ၂၀၀၅ ခုနှစ်က ဟက်တာ ၅၀၀၀၀၀ ကျော်ရှိသည်။ဗီယက်နမ်နိုင်ငံ ရော်ဘာလုပ်ငန်းများသည် ပြည်တွင်း၌သာ ရော်ဘာတိုးချဲ့စိုက်ပျိုးသည်မဟုတ် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌လည်း ရော်ဘာဧရိယာ ဟက်တာ ၁၀၀၀၀၀စီ တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုရင်သန်ဒေါင်၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ် နယူးစ်သတင်းစာက ရေးသားသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရော်ဘာစတုတ္ထအများဆုံးတင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ ၂၀၀၇ခုနှစ် ပထမသုံးလာအတွင်း ပြည်ပဈေးကွက်သို့ ရော်ဘာတန် ၁၄၈၀၀၀တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း၂၅၀ရရှိခဲ့သည်။

နှစ်အလိုက်ရော်ဘာတင်ပို့မှု ပမာဏတွင် ၉ဒသမ၄ရာခိုင်နှုန်း ကျဆင်းလာခြင်းဖြစ်ပြီး ရငွေတန်ဖိုးတွင်ခုနစ်ရာခိုင်နှုန်း ကျဆင်းသွားခြင်းပင်ဖြစ်ကြောင်း ဗီယက်နမ်စာရင်းအင်းဌာန ကိန်းဂဏန်း ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သိပ္ပံစူးစမ်းလေ့လာမှုများ ပြုလုပ်ရေး တောင်ဝင်ရိုးစွန်းဒေသကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်

နယူးဒေလီ မေ ၂၃

တောင်ဝင်ရိုးစွန်းဒေသတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းကို အိန္ဒိယနိုင်ငံက အလေးအနက်ဆန့်ကျင်ကြောင်း၊ အန္တာတိကတိုက်(ခေါ်)တောင်ဝင်ရိုးစွန်းဒေသကို သိပ္ပံရေးရာစူးစမ်းလေ့လာမှုများအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် တိုက်တွန်းလိုက်သည်။

နိုင်ငံတကာ မြေကမ္ဘာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အိန္ဒိယမြေကမ္ဘာ သိပ္ပံရေးရာ ဝန်ကြီး ကာပီးလ်ဆီဘယ်လ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

တင်ပြမည်

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မေ ၃၀ ရက်၌ ကျင်းပမည့် အန္တာတိကစာချုပ်ရေးဆွဲရေး အတိုင်ပင်ခံ ညီလာခံတွင် တောင်ဝင်ရိုးစွန်းဒေသကို သိပ္ပံရေးရာစူးစမ်းလေ့လာမှုများ ပြုလုပ်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပုံကို မိမိတို့တင်ပြမည်ဖြစ်ကြောင်း ဆီဘယ်လ်က ပြောကြားသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုအများစုမှာ လူ့ပယောဂကြောင့် ဖြစ်ရသည်ဟု ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစိုးရအဖွဲ့ချင်းညှိနှိုင်းရေးကော်မရှင်က သုံးသပ်ခဲ့ကြောင်း၊ အန္တာတိကစာချုပ်ရေးဆွဲရေး အတိုင်ပင်ခံ ညီလာခံသို့ တက်ရောက်မည့် ကမ္ဘာ့နိုင်ငံ ၄၅ နိုင်ငံက တောင်ဝင်ရိုးစွန်းဒေသ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

နိုင်ငံခြားသားကျောင်းသူ၊ ကျောင်းသားများ မလေးရှားတွင် ပညာသင်ယူနိုင်မည်

ဝင်းဟုတ် မေ ၂၃

မလေးရှားနိုင်ငံရှိ တက္ကသိုလ်များ၌ ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ နိုင်ငံခြားသား ကျောင်းသူ၊ ကျောင်းသား ၁၀၀,၀၀၀ အထိ လက်ခံသင်ကြားပေးရန် အစီအစဉ်ရေးဆွဲထားကြောင်း မလေးရှားအဆင့်မြင့်ပညာရေးဝန်ကြီး ဒါတွတ်မူစတာဖာက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

သင်ကြားပေးမည်

မလေးရှားနိုင်ငံရှိ အစိုးရပိုင်၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် တက္ကသိုလ်များသည် နိုင်ငံခြားသား ကျောင်းသူ၊ ကျောင်းသားများကို လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း၊ ယင်းကျောင်းသူ၊ ကျောင်းသားများတွင် တရုတ်၊ အင်ဒိုနီးရှား၊ အာရှအနောက်ပိုင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများမှ ကျောင်းသူ၊ ကျောင်းသားများ ပါဝင်မည်ဖြစ်ကြောင်း မူစတာဖာက နမီးဘီးယားနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း ပြောကြားသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ မော်တော်ယာဉ်ပြပွဲ၌ ပြသထားသော လောင်စာဓာတ်အိုးသုံး ဂျင်နရယ် မော်တော်ကားကုမ္ပဏီ၏ အင်ဂျင်စက်သစ်ကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုဂါဒစ်ရှူးတွင် တိုက်ပွဲဖြစ်ပွား အရပ်သား ၁၅၀ကျော် သေဆုံး

မိုဂါဒစ်ရှူး မေ ၂၄

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးတွင် တိုက်ပွဲများဖြစ်ပွားရာ အရပ်သူ အရပ်သား ၁၅၀ကျော် သေဆုံးရပြီး ၂၀၀ ကျော် ဒဏ်ရာရရှိသွားကြောင်း ဆေးရုံသတင်းရပ်ကွက်က အင်္ဂါနေ့တွင် ဖော်ပြသည်။

အီသီယိုးပီးယားနှင့် ဆိုမာလီတပ်ဖွဲ့များကတစ်ဖက်၊ အစ္စလမ္မစ် ပြောက်ကျားများကတစ်ဖက် တိုက်ခိုက်ခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦးက ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။ တနင်္လာနေ့က တိုက်ခိုက်မှုမှာ အပြင်းထန်ဆုံးပင် ဖြစ်ကြောင်း၊ အမြောက် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ အလီအာမက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်အရှေ့တောင်ပိုင်း ဗုံးပေါက်ကွဲ

ခို့စ် မေ ၂၃

အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်း ခို့စ်မြို့ရှိ ဈေးတစ်ဈေးတွင် တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ခို့စ်မြို့၏ မြို့လယ်ရှိ ဈေးတစ်ဈေးအတွင်း မိုဘိုင်းလ်ဖုန်း ရောင်းချသည့်ဆိုင်တွင် ဗုံးပေါက်ကွဲခဲ့ကြောင်း သိရသည်။

ယင်းဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ မည်သည့်အုပ်စုကမျှ ထုတ်ပြန်ကြေညာခြင်း မရှိပေ။ သို့ရာတွင် တာလီဘန်ပြောက်ကျားများ၏ လက်ချက် ဖြစ်နိုင်ကြောင်း၊ ခို့စ်မြို့တွင် မကြာသေးမီရက်သတ္တပတ်များ အတွင်းကလည်း တိုက်ခိုက်မှု အများအပြား ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

စနေနေ့က ဖြစ်ပွားသော တိုက်ပွဲများတွင် ကန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၄

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့၌ မေ ၂၁ရက်ကဖြစ်ပွားသော တိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားငါးဦးဒဏ်ရာရရှိသွားသည်။ ထိုသုံးဦးပါနှင့်ဆိုလျှင် အဆိုပါနေ့တစ်နေ့တည်း၌ အသက်ဆုံးရှုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေစုစုပေါင်းသည် ခြောက်ဦးရှိကြောင်း အမေရိကန်စစ်ဘက်က မေ ၂၃ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဘဂ္ဂဒက်အနောက်တောင်ပိုင်းရှိ တပ်စခန်းချရာနေရာသို့ တိုက်ရိုက်မဟုတ်သော ပစ်ခတ်မှုကြောင့် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးရပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ တိုက်ရိုက်မဟုတ်သော ပစ်ခတ်မှုဆိုသည်မှာ စိန်ပြောင်း သို့မဟုတ် ဒုံးနှင့်ပစ်ခတ်မှုမျိုးကို ရည်ညွှန်းခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့၏ အနောက်ပိုင်းတွင် စစ်ယာဉ်ဖြင့်ကင်းလှည့်နေကြစဉ်ခုခံရေးသမားများက လက်နက်ငယ်ဖြင့် ပစ်ခတ်သည့်အတွက် ဒုတိယတပ်ဖွဲ့ဝင်သေဆုံးရပြီး အခြားသုံးဦးလည်း ဒဏ်ရာရရှိခဲ့သည်။

တတိယတစ်ဦးမှာ တိုက်ခိုက်မှုနှင့် မသက်ဆိုင်သောကိစ္စကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်သည်ဟုဆိုသည်။ ယခုသေဆုံးမှုများပါထည့်ပေါင်းလျှင် ယနေ့အထိ အီရတ်စစ်မြေပြင်၌ သေဆုံးရသော ကန်တပ်ဖွဲ့ဝင်စုစုပေါင်း ၃၃၂၅ဦးရှိကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ကားဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံအချို့ကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆာရာယေဗိုရှိ မိဘမဲ့ကလေးများဂေဟာ မီးလောင်ကျွမ်း

ဘဲဂရိတ် မေ ၂၃

ဘော့စနီးယားနိုင်ငံ ဆာရာယေဗိုမြို့ရှိ မိဘမဲ့ကလေးများဂေဟာ၌ တနင်္ဂနွေနေ့က မီးလောင်မှု ဖြစ်ပွားရာ ကလေးငါးဦး သေဆုံးကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆာရာယေဗိုမြို့ရှိ လျူဘီကာ အီဗီဇစ်မိဘမဲ့ကလေးများ ဂေဟာတွင် တနင်္ဂနွေနေ့ အစောပိုင်းက ဖြစ်ပွားသည့် မီးလောင်မှုကြောင့် သေဆုံးရသူငါးဦးမှာ ယောကျ်ားလေးသုံးဦးနှင့် မိန်းကလေးနှစ်ဦးဖြစ်သည်။ မီးလောင်မှုကြောင့် ကလေး ၁၇ဦးနှင့် သူနာပြုဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မည်သည့် အကြောင်းကြောင့် မီးလောင်မှု ဖြစ်ပွားရသည်ကို မသိရသေးပေ။ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံ ရှင်းလင်းခန်းမ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံ တည်ဆောက်မှု၊ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့အဆောက်အအုံ၏ အကျယ်အဝန်း၊ ကြမ်းခင်းဧရိယာအသုံးပြုမှု၊ ကားရပ်နားရန်နေရာ တည်ဆောက်မှု၊ လေယာဉ်ဆိုက်ကပ် ပေါင်းကူးတံတားလေးခု တည်ဆောက်မှု၊ ဓာတ်လှေကားငါးစင်းနှင့် ရွေ့လျားစက်လှေကားသုံးစင်း တည်ဆောက်မှုများ၊ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အေရှားဝေါလ်ကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးမောင်ကျေးက လေဆိပ်တိုးချဲ့အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂) ရန်ကုန်မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်က တိုးချဲ့လေယာဉ်ပြေးလမ်း ပေ ၃၁၀၀ x ပေ ၂၀၀ တည်ဆောက်ပြီးစီးမှု၊ လေယာဉ်သွားလမ်း(Taxi Way) ပေ ၃၁၀၀ x ပေ ၁၀၀ ဆက်လက်တည်ဆောက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်၏ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့်လျော်ညီစေရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းကို နိုင်ငံတော်က ကုန်ကျငွေများစွာ ရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာအဆင့် စံချိန်စံညွှန်းမီရန် ဆောင်ရွက်ထားကြောင်း၊ ဤအဆောက်အအုံကြီးကို အသုံးပြုသည့်အခါ စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် လေယာဉ်စီးခရီးသည်များ လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် သန့်ရှင်းသပ်ရပ်ရေးကို အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ လေယာဉ်စီးခရီးသည်များအား အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများ အချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီး အေးသာယာစက်မှုဇုန်လုပ်ငန်းများ အဆင့်မြင့်မားရေးဆောင်ရွက် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာနှင့် အမယ်စုံလင်စွာ တိုးတက်ထုတ်လုပ်ရန်မှာကြား

နေပြည်တော် ဧပြီ ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် ယမန်နေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံ စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပသည့် သံရည်ကျိုစက်ရုံ အမှုဆောင်ဒါရိုက်တာများ၊ စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အေးသာယာ စက်မှုဇုန် ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးတက်တိုးက စက်မှုဇုန်နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ သံရည်ကျိုစက်ရုံ စက်ရုံမှူး ဦးသန်းရွှေက သံရည်ကျိုစက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုဇုန်တာဝန်ခံ ဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်က စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံခြားငွေ အကုန်အကျခံပြီး မတည်ရင်းနှီးတည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ ဒေသခံ စက်မှုလုပ်ငန်းရှင်များ အနေဖြင့်လည်း အစုရှယ်ယာများထည့်ဝင်ကာ ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် အကျိုးအမြတ်များရရှိလာပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက အပ်နှံထားသည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာနှင့် အမျိုးအစားအမယ်စုံလင်စွာ တိုးတက်ထုတ်လုပ်သွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စက်ရုံအတွက် လိုအပ်သော ကျွမ်းကျင်သူပညာရှင်များကို အဆင့်ဆင့်ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားရမှာ ဖြစ်ကြောင်း၊ ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင် မော်တော်ယာဉ်များကို တိုးတက်ထုတ်လုပ်သွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း အသေးစိတ်မှာကြားပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝန်ကြီးသည် သံရည်ကျိုစက်ရုံဝင်းအတွင်းသို့ သွားရောက်ပြီး Machine Shop စက်ရုံမှ Wheel Drum ၊ Fly Wheel၊ Alloy Pully နှင့် ကြက်ဆူဆီကြိတ်စက် ထုတ်လုပ်မှုအခြေအနေကိုလည်းကောင်း၊ Ware House မှ Line Pully ၊ သံနန်းလုံး၊ ကားဖရိန်၊ Lite Truck မော်တော်ယာဉ်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ အပ်နှံထားသည့် စက်ပစ္စည်းအပ်ကုန်များ ထုတ်လုပ်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ Forging Shop မှ မော်တော်ယာဉ်အောက်ပိုင်း အစိတ်အပိုင်းများ၊ Lite Truck မော်တော်ယာဉ် တပ်ဆင်ပုံအဆင့်ဆင့်နှင့် ကားဖရိန်၊ ကားဘော်ဒီ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ Foundary Shop မှ သံရည်ကျိုခြင်း၊ ပုရီသွန်းလောင်းခြင်း လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အရည်အသွေးမီ စက်ပစ္စည်းများ တိုးတက်ထုတ်လုပ်သွားနိုင်ရေး ကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမြို့ အေးသာယာ စက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံတွင် Lite Truck မော်တော်ယာဉ်တပ်ဆင်ပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရေကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ(စ်) ချာလီကာရီ မြန်မာ့ရေနံကုမ္ပဏီသည် တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် M(12)နှင့် M(13)တို့ရှိ ရဲတံခွန်ပလက်ဖောင်းမှကမ်းခြေသို့ ပိုက်လိုင်းလမ်းကြောင်း တစ်လျှောက်နှင့် FSO သို့ သွယ်တန်းထားသည့် ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်တွင် ROV Surveyတိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SV Alligned Commander ဖြင့် မေ ၅ ရက်မှ မေ ၃၀ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ROV Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းမှာ ရဲတံခွန်ပလက်ဖောင်းဧရိယာ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၂ မိနစ် ၅၇ ဒသမ ၄၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၅၂မိနစ် ၀၇ ဒသမ ၇၈ စက္ကန့်၊ FSO ဧရိယာ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၃မိနစ် ၅၀ ဒသမ ၂၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၈ ဒသမ ၂၈စက္ကန့်၊ Landfall (Daminseik) ဧရိယာ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၃မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၅၂မိနစ်တို့ဖြစ်သည်။

သို့ဖြစ်ပါ၍ ROV Surveyတိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SV Alligned Commander ဖြင့် ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် Notice to Mariner'sထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များ၊ ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ပြည်တွင်းသတင်းမှတ်တမ်း

ဘဒ္ဒန္တ တေဇနိယအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် မန္တလေးတိုင်း ပျဉ်းမနားမြို့ ခေမာသိဝံကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် မိုးကုတ်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယကဆရာတော် နယ်လှည့်တရားပြ ဓမ္မာစရိယဓမ္မကထိက ဘဒ္ဒန္တတေဇနိယအား တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်၊ မေ ၅ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ခေမာသိဝံကျောင်းတိုက် ဖုန်း-၀၆၇-၂၁၇၄၂ ၌ ကျင်းပမည်ဖြစ်သည်။

မီးသတ်ဦးစီးဌာနချုပ် သက်ကြီးဘိုးဘွားများအား ပူဇော်

မီးသတ်ဦးစီးဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသက်(၈၀)အထက် သက်ကြီးဘိုးဘွား ၂၂ဦးအား ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာနချုပ် သီတာခန်းမ၌ကျင်းပခဲ့သည်။

အထူးအယူခံခုံရုံး တရားမအထူးအယူခံမှုကြားနာ

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့်ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ(၇) အရ တင်သွင်းသည့် တရားမအထူးအယူခံမှု လေးမှုကို ကြားနာကြသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အသင်းသား စုံညီအစည်းအဝေး ရက်ပြောင်းလဲကျင်းပမည်

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဒသမအကြိမ် အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၂၈ ရက် (စနေနေ့)တွင် ကျင်းပမည့်အစား မေလတွင် ကျင်းပမည်ဖြစ်၍ ကျင်းပမည့်ရက်ကို ကြေညာသွားမည်ဖြစ်သည်။

ဘဏ္ဍာရေးအစီရင်ခံစာများ၏ သဘောတရား အခြေခံဘောင် ဟောပြောမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Shwe Kyi Thar Trading၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဦးမော်သန်းက ဘဏ္ဍာရေးအစီရင်ခံစာများ၏ သဘောတရားအခြေခံဘောင် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းနေ ဦးအောင်ခင်အား ရည်စူး၍ ဒေါ်ခင်ခင်ကြီးမိသားစုက ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော် အပေါ်ဆုံးထပ် တိုးချဲ့ဆောင်အတွက် အလှူငွေကျပ်ငါးသိန်းကို တိပိဋကနှစ်ပုံဆောင် အရှင်ဓမ္မပီယထံ ရေစက်ချအနုမောဒနာတရား နာယူပြီး ဗဟိုအကျိုးတော်ဆောင် သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ငွေးဦး လဂွမ်းပြင်ရေလှောင်တမံနှင့် ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးတို့သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ လဂွမ်းပြင်ရေလှောင်တမံ ပင်မတူးမြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လဂွမ်းပြင်ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် တူးမြောင်းမကြီး ကြွံခိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က တူးမြောင်းမကြီး ရေရှည်ကြွံခိုင်မှုရရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငမိုးရိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က စီမံကိန်းအမြန်ပြီးစီးရန်၊ ပြီးစီးသည့်အပိုင်းအလိုက် စိုက်ပျိုးရေ ပေးဝေနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး စီမံကိန်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးတို့ လှည်းကူးမြို့နယ်ရှိ လဂွမ်းပြင်ရေလှောင်တမံ ပင်မတူးမြောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာစာရိတ္တပညာသင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆွမ်းစားကျောင်းရေစက်ချပွဲနှင့် ဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်အတွင်း ခုနစ်ရက် သားသမီး ကျောင်းဒါယကာ၊ ဒါယိကာမများ စုပေါင်းလျက် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော အဘိဓေ သုံးထပ်ဆွမ်းစားကျောင်းတော်ကြီးကို ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၁၄ရက်၊ ဧပြီ၂၉ရက် (တနင်္ဂနွေနေ့)တွင် ရေစက်သွန်းချ လှူဒါန်းမည်ဖြစ်သည်။

အကြိုအထူး ညတရားပွဲများအဖြစ် ဧပြီ ၂၅ရက်တွင် မေတ္တာအေး ဆရာတော် ဘဒ္ဒန္တသုဇာတ၊ ဧပြီ ၂၆ရက်တွင် သီတဂူကြယ်တစ်ပွင့် ဘဒ္ဒန္တပညာနန္ဒ၊ ဧပြီ ၂၇ရက်တွင် ဆင်ဖြူတောင် ဆရာတော် ဘဒ္ဒန္တဂုဏိန္ဒတို့က ဟောကြားကြမည်ဖြစ်ရာ အဘိဓေ ဆွမ်းစားကျောင်းတော်ကြီး ရေစက်ချပွဲသို့ အလှူရှင်ကျောင်း ဒါယကာ၊ ဒါယိကာမများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ရန် ဖိတ်ကြားထားသည်။ (က-ပ)

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးလိမ္မာ စာရိတ္တပညာသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာစာရိတ္တပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၁၀နာရီတွင် ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်ထံ ယဉ်ကျေးလိမ္မာစာရိတ္တပညာ စာအုပ်များကို ပေးအပ်သည်။ အဆိုပါ သင်တန်းကို ဧပြီ ၂၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသူ ၂၀၃ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ကုန်းမြင့်ရိပ်သာလမ်းသွယ် ပြည်လမ်း(၇)မိုင်နေ ဦးလှငွေး(ငွေးမိသားစုကုမ္ပဏီ)၏ (၄၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးလှသိန်း(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

တိုင်းနှင့်ပြည်နယ်အချို့၌ လေပြင်းများတိုက်ပြီး မိုးသည်းထန်စွာရွာသွန်း

ရန်ကုန် ဧပြီ ၂၄

မကွေးတိုင်း ဂန့်ဂေါမြို့နယ်၌ ဧပြီ ၂၂ရက် မွန်းလွဲပိုင်းတွင် လေပြင်းများတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆောက်အအုံအချို့ ပြိုကျခြင်း၊ သွပ်ချပ်များလွင့်ထွက်ခြင်း၊ သစ်ပင်များပြိုလဲ၍ လျှပ်စစ်မီးကြိုးတိုင်နှင့် တယ်လီဖုန်းကြိုးများ ပျက်စီးခြင်းများရှိခဲ့သည်။

ဧပြီ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်များကလည်း ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင်လည်းကောင်း၊ မန္တလေးတိုင်း မြစ်သားမြို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မက်မန်းမြို့နယ်တွင်လည်းကောင်း၊ မိုင်းဆတ်ခရိုင် မိုင်းတုံမြို့တွင်လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်လည်းကောင်း လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆောက်အအုံအချို့ ပြိုကျခြင်း၊ သွပ်မိုးများ ပွင့်ထွက်ခြင်း၊ သစ်ပင်များပြိုလဲ၍ မီးလိုင်းနှင့် တယ်လီဖုန်းလိုင်းများ ပြတ်တောက်ခြင်း၊ မိုးသီးများကျရောက်သဖြင့် စပါးခင်းအချို့ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာဖတ်သူတို့ စကားဝိုင်း

၂၃-၄-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာကိုကိုင်ပြီး မိတ်ဆွေများနှင့် ဆုံနေကျ လက်ဖက်ရည်ဆိုင်ထဲသို့ ကျွန်တော်ရောက်သွားချိန်တွင် စကားဝိုင်းက စည်ကားနေပြီဖြစ်သည်။ ကျွန်တော်၏ မိတ်ဆွေ အားလုံးသည် နေ့စဉ်၊ အပတ်စဉ်ထွက်သမျှ စာနယ်ဇင်းမျိုးစုံကို မလွတ်တမ်းဖတ်ရှုပြီး ထင်မြင်ချက်၊ ဝေဖန်သုံးသပ်ချက်ပေးရန် ဝါသနာထုံသူများ ဖြစ်ကြသည်။

ယနေ့စကားဝိုင်း၏ ခေါင်းစဉ်မှာ ကျွန်တော်တွေးထင်ထားသည့်အတိုင်း ယနေ့ထုတ်သတင်းစာများ၏ နောက်ကျောဖုံးတွင် ဖော်ပြထားသည့် ထင်ကျော်(ခေါ်)ကျော်ထင်နှင့် NLD ပါတီဝင်အချို့၏ ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် ထပ်မံဆန္ဒပြလှုံ့ဆော်သည့် သတင်းပင် ဖြစ်နေပါသည်။

မိတ်ဆွေတစ်ဦးက “လာဗျို့…… စာဖတ်သူကြီး၊ ဒီမှာ ထင်ကျော်တို့သတင်းနဲ့ပတ်သက်ပြီး ဆွေးနွေးနေကြတာ၊ ဒီနေ့ သတင်းထဲမှာ ဖော်ပြထားတဲ့ ပြည်သူလူထုရဲ့ ဝေဖန်သုံးသပ်ချက်ဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ ဟိုအရင်ကတည်းက ထင်မြင်ယူဆသုံးသပ်ချက်တွေနဲ့ တော်တော်များများ တူညီနေတာ တွေ့ရတယ်ဗျ”ဟု ဆိုလာပါသည်။

ထိုအခါ ကျွန်တော်က “တော်တော်များများကို မဟုတ်ဘူးဗျ။ အားလုံးကို တူညီနေတာ။ ခင်ဗျားတို့ ကျွန်တော်တို့က သတင်းအစဉ်အဆက်ကို မလွတ်တမ်း ဖတ်ရှုနားဆင်နေတဲ့သူတွေဆိုတော့ လွဲခဲပါတယ်ဗျာ”ဟု ပြောလိုက်ပါသည်။

အခြားမိတ်ဆွေတစ်ဦးကလည်း “ဟုတ်တယ်ဗျို့။ ကျုပ်တို့က အစိုးရမီဒီယာတွေမှာ ဖော်ပြတဲ့ သတင်းမြင်ကွင်းတွေကို စဉ်ဆက်မပြတ် လေ့လာနေသလို ဆန့်ကျင်ဘက်မီဒီယာတွေက ဖော်ပြနေတဲ့ သတင်းတွေကိုလဲ မျက်ခြည်မပြတ်ကြဘူး မဟုတ်လား”ဟု ဝင်ရောက်ထောက်ခံပါသည်။

ထိုအခါ မိတ်ဆွေတစ်ဦးနှင့် ယနေ့မှ လိုက်ပါလာဟန်တူသော ဧည့်သည်က “စိတ်တော့မရှိပါနဲ့ဗျာ။ ခင်ဗျားတို့ ပြောနေတာတွေကို ကျွန်တော်လိုက်လို့မမီဘူး ဖြစ်နေတယ်။ ထင်ကျော်တို့အဖွဲ့ ဆန္ဒပြတာနဲ့ ဘာအကြောင်းအရာတွေ ဆက်စပ်နေလို့လဲ”ဟု မေးလာပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့၏စကားဝိုင်းမှာ ပိုမို၍ သက်ဝင်လှုပ်ရှားလာ ပါသည်။

“ဒီလိုရှိတယ်ဗျ။ ထင်ကျော်တို့အဖွဲ့က ကုန်ဈေးနှုန်းကျဆင်းရေးတို့၊ ၂၄ နာရီ မီးလင်းရေးတို့ဆိုတာတွေကို ဗန်းပြလာတာကြောင့် နိုင်ငံရေးနဲ့ မပတ်သက်ဘူး၊ ပြည်ပ ပယောဂမပါဘူးလို့ သွေးရိုးသားရိုးနဲ့ ထင်လာစရာရှိတယ်”

“အခုလို ဆန္ဒပြလှုံ့ဆော်မှုဟာ ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်မှန်းသိလို့ နိုင်ငံရေးပါတီ အမည်ခံထားတဲ့ လူတွေကိုယ်တိုင် လူလုံးထွက်ပြပြီး မလုပ်တာကလွဲလို့ နောက်ကွယ်ကနေ အားပေးအားမြှောက် ထောက်ခံပြီး ကြိုးကိုင်နေတယ်ဆိုတာ ရှင်းနေတာပဲ”

“ခင်ဗျားတို့ ပြန်စဉ်းစားကြည့်ကြလေ။ NLD နဲ့ အပေါင်းပါအဖွဲ့တွေရဲ့ ကြေညာချက်မှန်သမျှမှာ မြန်မာနိုင်ငံမှာ စီးပွားရေးကျပ်တည်းနေတယ်။ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်။ ဒီအကျပ်အတည်း အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် သူတို့နဲ့အစိုးရတွေ့ဆုံဆွေးနွေးဖို့ လိုအပ်တယ်ဆိုတဲ့ အကြောင်းတွေပဲ အပ်ကြောင်းထပ်နေတာဗျ”

“NLD နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမား ၈၈ မျိုးဆက် ကျောင်းသားအုပ်စုကလဲ ဘာထူးလို့လဲ။ သူတို့လုပ်လာတဲ့ Letter Campaign၊ White Expression Campaign၊ Prayer Campaign စတာတွေနဲ့ အခုနောက်ဆုံးလုပ်နေတဲ့ တနင်္ဂနွေနေ့ အဖြူရောင် လှုပ်ရှားမှု ဆိုတာအားလုံးဟာ NLD နဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာကိုပဲ မြစ်ဖျားခံနေတာမဟုတ်လား”

“သဘောပေါက်ပြီဗျို့။ ၈၈ မျိုးဆက် ကျောင်းသားအုပ်စုကရင်ဖွင့်လှာလှုပ်ရှားမှုဆိုပြီး ကုန်ဈေးနှုန်းကြီးမြင့်နေတာတွေ၊ လျှပ်စစ်မီးအခက်အခဲရှိနေတာတွေကို ဗန်းပြပြီး စာတွေရေးသားပေးပို့ကြဖို့ သွေးထိုးလှုံ့ဆော်ခဲ့သေးတာပဲ။ ဒါပေမယ့် အဲဒီလိုအခက်အခဲတွေကို အစိုးရက လျစ်လျူရှုမထားဘဲ ပြေလည်အောင် အင်တိုက်အားတိုက် ဖြေရှင်းဖြည့်ဆည်းပေးနေတယ်ဆိုတာကို နားလည်သဘောပေါက်နေတဲ့ ပြည်သူတွေက တုတ်တုတ်မျှမလှုပ်ဘဲ အဲဒီလူတွေကို အဖက်မလုပ်ဘဲနေတာမို့ အခုလို တိုက်ကွက်အသစ် ဆင်လာတာ ဖြစ်မယ်ဗျ”

“သခွတ်ပင်က မီးတကျီကျီဆိုတာ အဲဒီလူစားမျိုးတွေကို ပြောတာ ဖြစ်မယ်”

“ဒါတင်ဘယ်ကဦးမလဲဗျာ။ နိုင်ငံရေးလုပ်စားနေတယ်လို့ပြောမှ ပိုမှန်လိမ့်မယ်။ အခုအချိန်မှာ သူတို့ရဲ့ ပြည်ပဆရာကြီးတွေက မြန်မာနိုင်ငံကို ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ထားတယ်လေ။ အဲဒီလို ပြည်ပရဲ့ ဗိုလ်ကျစိုးမိုးမှုကို လုံးဝလက်သင့်မခံတဲ့ ပြည်သူတွေက အစိုးရနဲ့ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲပူးပေါင်းပြီး အတားအဆီး အနှောင့်အယှက်တွေကို ကျော်လွှားနိုင်ဖို့ အားထုတ်ကြိုးပမ်းနေကြတယ် မဟုတ်လား”

“အစိုးရနဲ့ပြည်သူ တစ်သွေးတည်းတစ်သားတည်း ရှိနေချိန်မှာ ပြည်ပဆရာကြီးတွေက အမျိုးသားသစ္စာဖောက် အလိုတော်ရိအချို့ကို ဖွဲ့ထုတ်ပြီး မွေးမြူထောက်ပံ့ မြှောက်စားလာတယ်လေ။ အဲဒါကို သာယာလာတာဖြစ်မယ် ထင်တယ်”

“သေချာတာပေါ့ဗျာ။ နိဘယ်ဆုဆိုတာကစပြီး ဆုပေါင်း ၈၀ကျော်အထိ ပြည်ပက ချီးမြှင့်မြှောက်စားခဲ့တယ်လေ။ နောက်ပိုင်းမှာ

စာဖတ်သူတစ်ဦး

နောက်လိုက်ငယ်သားတချို့ကိုလည်း ဟိုဆု ဒီဆုစတာတွေ နှစ်စဉ်ပေးနေတာ လူတိုင်း သိနေတာပဲ။ အဲဒီလိုဆုမျိုးကို ကမ္ဘာကြီးကောင်းကျိုးနဲ့ လူသားတွေရဲ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးနေတဲ့ နိုင်ငံအသီးသီးက ထူးချွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေတောင် မရခဲ့ကြရှာဘူး”

“အဖြေကတော့ အဲဒါပါပဲဗျာ။ ဒီနေ့ ဒီအချိန်မှာ တစ်ကိုယ်တော်လူစွမ်းကောင်းဝါဒနဲ့ အစိုးရကို ဆန့်ကျင်မှုပြုလုပ်သူဘယ်သူကိုမဆို ပြည်ပ ဆရာကြီးတွေက ဘွဲ့တံဆိပ်တွေ၊ ဆုကြေးတွေ ချီးမြှင့်နေတာကို အားကျပြီး ထင်ကျော်တို့လူစုက ထကြွလာတာဖြစ်တယ်ဗျ”

“မြန်မာ့နိုင်ငံရေးသမိုင်းမှာ အဲဒီလိုလူစားမျိုးတွေရှိခဲ့လို့ မြန်မာနိုင်ငံဟာ သမိုင်းရေစီး လှိုင်းကြီးလေထန်ဖြစ်ရပ်တွေနဲ့ ကြုံခဲ့ရတာပဲဖြစ်တယ်။ ကိုလိုနီနယ်ချဲ့လက်အောက်ခံဘဝမှာ ခွဲရေးတွဲရေးပြဿနာပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီတုန်းက နယ်ချဲ့အလိုတော်ရိ လက်ပါးစေတွေကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက **‘တောင်ကျရေနွားနှစ်ကောင် မဝသလိုပ၊ မောင်ဘဖေ ငါးထောင်မရတာကြောင့်’**လို့ စာတောင် ချိုးခဲ့ရဖူးတယ်မဟုတ်လား”

“ခေတ်အဆက်ဆက်မှာ နိုင်ငံရေးလုပ်စားသူ တချို့ရဲ့ အမကျော်ဒွေးဘော်လွန်းတဲ့ လုပ်ရပ်တွေကြောင့် တိုင်းပြည်မှာ လေ့လှော်ရင်းတက်ကျိုးခဲ့ရတဲ့ အဖြစ်မျိုးတွေနဲ့ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရတယ်။ အခုလဲ ဒီပုတ်ထဲက ဒီပဲတွေ တစ်စခန်း ထလာပြန်ပြီလေ”

“အဲဒါက မနူးမနပ်နိုင်ငံရေးသမားတွေကို တစ်ဖက်လှည့်နဲ့ လုပ်ဆောင်စေတာဖြစ်တယ်။ ၈၈ အရေးအခင်းတုန်းကလိုပဲ ပြည်သူလူထုကို လမ်းမှားရောက်အောင် တွန်းပို့စတေးပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းက ရယူဖို့ ကြိုးပမ်းနေတဲ့ ပြုတ်မနူးနိုင်ငံရေးသမားတွေရဲ့ လုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းပဲ ဖြစ်တယ်ဗျ”

“သဘောပေါက်ပြီဗျို့။ **ထင်ကျော်တို့လို မနူးမနပ်နိုင်ငံရေးသမားတွေ၊ ၈၈ မျိုးဆက် ဆိုသူတွေကို ဝါရင့်သမ္ဘာရင့် ပြုတ်မနူး နိုင်ငံရေးသမားကြီးတွေက သူတို့ရဲ့ ဓားခုတ်ရာမှာ လက်ဝင်လျှိုခိုင်းနေတယ်ဆိုတာ ဆက်စပ်စဉ်းစားကြည့်မှ တွေ့ရတော့တယ်”**

“အဲဒီလုပ်ရပ်ဟာ ပြောတော့ ဒီမိုကရေစီ၊ လုပ်တော့ ဗကပဆိုတာမျိုးဗျ၊ အဲဒီလိုဖြစ်အောင်လဲ ပြည်တွင်းက နိုင်ငံရေးပါတီကြီးရဲ့ လက်ဝေခံ ပြည်ပြေးအဖွဲ့တွေက လက်ကျန်ဗကပ အချို့နဲ့ပေါင်းပြီး ဒီမို ၂၀၀၆ ဆိုတဲ့ လူထုတိုက်ပွဲ စီမံချက်ကို ရေးဆွဲချမှတ်ခဲ့တယ်ဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ အမြဲသတိပြုနေကြရမှာ ဖြစ်တယ်”

“သွားလေသူဖြစ်တဲ့ ဗကပတွေဟာ ၁၉၄၇ခုနှစ်ကစပြီး အာဏာကို ဖြတ်လမ်းက ရယူဖို့အတွက် တောင်းပွဲတိုက်ပွဲတွေ လူထုဆူပူအုံကြွမှုတွေဖြစ်အောင် အမြဲတစေ လှုံ့ဆော်ဖန်တီးခဲ့ကြတာကို မေ့မထားသင့်ဘူး။ ဒါဟာ ခေတ်ဆွေးနိုင်ငံရေးသမားတွေရဲ့ ခေတ်နောက်ပြန်ဆွဲတဲ့ အတွေးအခေါ်နဲ့ လုပ်ရပ်ပဲဖြစ်တယ်”

“ကျုပ်လဲ အခုမှ ပြန်ပြီး ဆက်စပ်တွေးတောမိတယ်။ မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကတစ်ဆင့် ဝင်ရောက်စွက်ဖက်ဖိအားပေးဖို့လုပ်တာ မအောင်မြင်ချိန်ကစပြီး ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ ပြောကြားချက်တွေတိုင်းမှာ ပြည်ပက ဖိအားပေးတာနဲ့ မရနိုင်ဘူး၊ ပြည်တွင်းမှာ ဆူပူအုံကြွမှုတွေ ဖြစ်ပွားအောင် လုပ်ကြရမယ်လို့ တစ်သမတ်တည်း သွေးထိုးလှုံ့ဆော်ခဲ့တာ ပြန်သတိရပြီဗျို့”

“အဲဒါပဲဗျ။ သတင်းဆိုတာ ဘယ်တော့မှ တစ်ပုဒ်တည်း၊ တစ်ကန့်တည်း တစ်သီးတခြားစီရှိမနေဘူး။ အားလုံးဟာ အကြောင်းအကျိုးနဲ့ အမြဲတမ်း ဆက်စပ်ဖြစ်ပေါ်နေလေ့ရှိတယ်။ အဲဒီ သတင်းဆက်တွေကို မျက်ခြည်မပြတ်မှ ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေရဲ့ နိုင်ငံတော်လုပ်ကြံမှု ဓာတ်လမ်းကို ပုံဖော်မြင်တွေ့ပြီး သတိပြုနိုင်ကြမှာဖြစ်တယ်”

“နိုင်ငံတော်လုပ်ကြံမှု ဓာတ်လမ်းဆိုလို့ မေးရဦးမယ်။ အဲဒီနိုင်ငံရေး သမားဆိုသူတွေ၊ ပေါ်ပင်နိုင်ငံရေးသမားတွေဟာ ဘာအလုပ်

အကိုင်မှမရှိဘဲ ခုလို နိုင်ငံရေးလုပ်စ…
တွေများ ရနေလို့လဲဗျ”

“သူတို့နောက်ကွယ်မှာ ကြိုးကိုင်…
လေဗျာ။ ကမ္ဘာ့နိုင်ငံရေး ပြဿန…
လက်ဝါးကြီးအုပ်ဖို့ ငွေကို ရေလိုသုံ…
ဘွဲ့တံဆိပ်တွေ၊ ဆုကြေးတွေပေးပြီး …
တယ်။ ဘာ အထောက်အပံ့၊ ဘာအကူ…
အဲဒီ ခေါင်းစဉ်တွေအောက်ကပဲ ပြည်တွ…
လျှို့ဝှက်ထောက်ပံ့တယ်၊ ထောက်ပံ့ပုံ…
အကျ မသိရင်သာရှိမယ်။ ရက်ရက်…

“ဟုတ်တယ်။ ပြီးခဲ့တဲ့ သတင်း…
တော် ဆန္ဒပြတာပဲဖြစ်ဖြစ်၊ မယော…
အဲဒီလို ဆန္ဒပြလှုံ့ဆော်မှုတွေဖြစ်…
ငွေပုံပေးပြီး လုပ်ခိုင်းနေတယ်။ အဲဒီ…
မှတ်တမ်းတင်ပြီး ရေးသားပေးပို့ရင် …
သက်ဆိုင်ရာ ကာယကံရှင်တွေကို…
သတင်းစာဆရာကြီးတွေရဲ့ ရှေ့မှောက…
တယ်လေဗျာ”

“မှတ်မိပြီဗျို့။ ပြည်ပြေးဝရမ်းပြေ…
ဖွဲ့ပေးထားတဲ့ FTUB ကတစ်ဆင့် …
ကို ငွေကြေးထောက်ပံ့တယ်၊ NDD…
ယူဂျီတွေမွေးပြီး ဂြိုဟ်တုဖုန်းတွေ တ…
တွေကို တစ်ဖက်နိုင်ငံမှာရှိတဲ့ ၎င်းတို့…
ဆန္ဒပြလှုံ့ဆော်ဖို့ ညွှန်ကြားတယ်…
ပြည်တွင်းမှာ ဆန္ဒပြလှုံ့ဆော်မှုတွေလ…
(ခေါ်) သန်းဦးနဲ့အဖွဲ့က ကိုယ်တိုင်…
ကြတာ မှတ်မိပြီ”

“ရန်ကုန်မြို့ သုံးနေရာမှာ ဗုံ…
NDD သိန်းဝင်းနဲ့ FTUB ပြည်…
ဖြစ်တယ်လို့ ဖွင့်ဟပြောကြားခဲ့တဲ့ …
သတင်းစာ ရှင်းလင်းပွဲတွေမှာ အတိအ…
သူ့ကို ရန်ကုန်မြို့ လူစည်ကားရာ နေ…
အနေအထား တွေကို လေ့လာပြီး ပြန်…
ငွေပေးပြီး ခိုင်းခဲ့တယ်လို့လဲ ယူနွ…

“နောက်ပြီး တချို့နေရာဒေသ…
တိုင်ကြားချက်တွေ ဖန်တီးပြုလုပ်ပြီး…
သိန်းဝင်းတို့အဖွဲ့ကပဲ ခိုင်းခဲ့တယ်လ…

“ပြည်တွင်းက နိုင်ငံရေးလုပ်စာ…
အစားချောင်နေတယ်။ ဘာ့ကြောင့် …
ခင်းနေတယ် ဆိုတာ ကျွန်တော်အခု…
မြက်မြက်ကလေး စားနေရတော့လဲ ဒီ…
တော့ဘူးထင်တယ်”

“ဘယ်သူသေသေ ငတေမာရင်…
နေသူတွေ အခုလို တစ်စခန်းထနေက…
သိနေကြပါတယ်ဗျာ”

“ဒါကြောင့်မို့ ဟသ်တမြို့နယ်…
ဆူပူ အုံကြွမှုဖြစ်အောင် လုပ်ဆောင်…
ရှာသူရှာသားတွေက မှတ်လောက်သ…
ပေးလိုက်တာပဲ ဖြစ်မယ်ထင်တယ်”

“ပြည်သူလူထုဟာ အရေးရှိနိုင်င…
လုပ်တာကို အနှစ်နှစ်အလလ ခံခဲ့…
တရားပျက်ပျက် ကိုယ်မပျက်စေနဲ့…
စောင့်ထိန်းမှုအရ အောင့်အည်းသည်…

“အခုဟာက ဆိုလေကဲလေ …
လုပ်စား သူတွေရဲ့ မျက်နှာသာပေး…
ကို သည်းမခံနိုင်တဲ့ အဆုံးမှာ အမ…
တာပဲဗျ”

“တရားကို နတ်စောင့်တယ်ဆို…
ကွဲပြားမှုတွေ မဖြစ်စေလိုလို့ ထိန်းထိ…
နေတာကို ဟုတ်လှပြီထင်ပြီး အော…
မကြာခင် မျောက်သစ်ကိုင်းလွတ်ဖြ…

“သေချာတာပေါ့ဗျာ။ တကပ…
ခုတုံးလုပ် ပြောကြားနေတဲ့ လူ့အခွင့်…

ထင်ကျော်တို့လို မနူးမနပ်နိုင်ငံရေးသမားတွေ၊ ၈၈ မျိုးဆက်ဆိုသူတွေကို ဝါရင့်သမ္ဘာရင့် ပြုတ်မနူး နိုင်ငံရေးသမားကြီးတွေက သူတို့ရဲ့ ဓားခုတ်ရာမှာ လက်ဝင်လျှိုခိုင်းနေတယ်ဆိုတာ ဆက်စပ်စဉ်းစားကြည့်မှ တွေ့ရ။

အဲဒီလုပ်ရပ်ဟာ ပြောတော့ ဒီမိုကရေစီ၊ လုပ်တော့ ဗကပဆိုတာမျိုး၊ အဲဒီလိုဖြစ်အောင်လဲ ပြည်တွင်းက နိုင်ငံရေးပါတီကြီးရဲ့ လက်ဝေခံ ပြည်ပြေးအဖွဲ့တွေက လက်ကျန်ဗကပ အချို့နဲ့ပေါင်းပြီး ဒီမို ၂၀၀၆ ဆိုတဲ့ လူထုတိုက်ပွဲ စီမံချက်ကို ရေးဆွဲချမှတ်ခဲ့တယ်ဆိုတာ အမြဲသတိပြုနေကြရမှာဖြစ်။

အကိုင်မှမရှိဘဲ ခုလို နိုင်ငံရေးလုပ်စားနေကြတာ ဘယ်က ရန်ပုံငွေတွေများ ရနေလို့လဲဗျ”

“သူတို့နောက်ကွယ်မှာ ကြိုးကိုင်နေတဲ့ ပြည်ပဆရာကြီး ရှိတယ်လေဗျာ။ ကမ္ဘာ့နိုင်ငံရေး ပြဿနာအရပ်ရပ်မှာ အသာစီးကနေ လက်ဝါးကြီးအုပ်ဖို့ ငွေကို ရေလိုသုံးနေတာပဲ။ အခုန ပြောသလို ဘွဲ့တံဆိပ်တွေ၊ ဆုကြေးတွေပေးပြီး ပြောင်ပြောင်တင်းတင်း ထောက်ပံ့တယ်။ ဘာ အထောက်အပံ့၊ ဘာအကူအညီဆိုတဲ့ ခေါင်းစဉ်တွေတပ်ပြီး အဲဒီ ခေါင်းစဉ်တွေအောက်ကပဲ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေကို လျှို့ဝှက်ထောက်ပံ့တယ်၊ ထောက်ပံ့ပုံကတော့ စာရင်းဇယားနဲ့ အတိအကျ မသိရင်သာရှိမယ်။ ရက်ရက်ရောရော ထောက်ပံ့နေတာဗျ”

“ဟုတ်တယ်။ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ တစ်ကိုယ်တော် ဆန္ဒပြတာပဲဖြစ်ဖြစ်၊ မယောင်မလည် ဆန္ဒပြတာပဲဖြစ်ဖြစ် အဲဒီလို ဆန္ဒပြလှုံ့ဆော်မှုတွေဖြစ်အောင် ပြည်ပြေးအဖွဲ့တွေက ငွေပံ့ပေးပြီး လုပ်ခိုင်းနေတယ်။ အဲဒီလိုဆန္ဒပြတဲ့သတင်းကို ဓာတ်ပုံမှတ်တမ်းတင်ပြီး ရေးသားပေးပို့ရင် ဆုကြေးငွေတွေ ချီးမြှင့်တယ်လို့ သက်ဆိုင်ရာ ကာယကံရှင်တွေကိုယ်တိုင် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာကြီးတွေရဲ့ ရှေ့မှောက်မှာ ဖွင့်ဟဝန်ခံ ပြောကြားခဲ့ကြတယ်လေဗျာ”

“မှတ်မိပြီဗျို့။ ပြည်ပြေးဝရမ်းပြေး ပြည်သစ်ညွန့်ဝေကို ပြည်ပကဖွဲ့ပေးထားတဲ့ FTUB ကတစ်ဆင့် ပြည်ပြေးသိန်းဝင်းတို့ရဲ့ NDD ကို ငွေကြေးထောက်ပံ့တယ်၊ NDD သိန်းဝင်းက ပဲခူးတစ်ဝိုက်မှာ ယူဂျီတွေမွေးပြီး ဂြိုဟ်တုဖုန်းတွေ တပ်ဆင်ပေးထားတယ်။ အဲဒီယူဂျီတွေကို တစ်ဖက်နိုင်ငံမှာရှိတဲ့ ၎င်းတို့ရုံးတွေကိုခေါ်ပြီး ဘယ်လိုဘယ်ပုံ ဆန္ဒပြလှုံ့ဆော်ဖို့ ညွှန်ကြားတယ်။ ငွေကြေးပံ့ပိုးမှုတွေပေးပြီး ပြည်တွင်းမှာ ဆန္ဒပြလှုံ့ဆော်မှုတွေလုပ်ခိုင်းတယ်လို့ ပဲခူးက ဆရာရဲ (ခေါ်) သန်းဦးနဲ့အဖွဲ့က ကိုယ်တိုင်ကိုယ်ကျ ဝန်ခံပြောကြားသွားခဲ့ကြတာ မှတ်မိပြီ”

“ရန်ကုန်မြို့ သုံးနေရာမှာ ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့တာဟာ NDD သိန်းဝင်းနဲ့ FTUB ပြည်သစ် ညွန့်ဝေတို့ရဲ့ လက်ချက်ဖြစ်တယ်လို့ ဖွင့်ဟပြောကြားခဲ့တဲ့ ယူနွတ် (ခေါ်) အောင်ချိုဦးကလဲ သတင်းစာ ရှင်းလင်းပွဲတွေမှာ အတိအလင်း ပြောကြားခဲ့တယ်လေဗျာ။ သူ့ကို ရန်ကုန်မြို့ လူစည်ကားရာ နေရာတွေရဲ့ လုံခြုံရေးဆောင်ရွက်မှု အနေအထား တွေကို လေ့လာပြီး ပြန်သတင်းပို့ဖို့ NDD သိန်းဝင်းက ငွေပေးပြီး ခိုင်းခဲ့တယ်လို့လဲ ယူနွတ်က ပြောပြခဲ့တယ်လေ”

“နောက်ပြီး တချို့နေရာဒေသတွေကနေ မဟုတ်မမှန် လုပ်ကြံတိုင်ကြားချက်တွေ ဖန်တီးပြုလုပ်ပြီး သတင်းပေးပို့ဖို့ကိုလဲ NDD သိန်းဝင်းတို့အဖွဲ့ကပဲ ခိုင်းခဲ့တယ်လို့ သိရတယ်ဗျ”

“ပြည်တွင်းက နိုင်ငံရေးလုပ်စားနေသူတွေ ဘာကြောင့် အနေအစားချောင်နေတယ်။ ဘာ့ကြောင့် မဟုတ်မဟတ် လုပ်ဇာတ်တွေ ခင်းနေတယ် ဆိုတာ ကျွန်တော်အခုမှ သဘောပေါက်တော့တယ်။ မြက်မြက်ကလေး စားနေရတော့လဲ ဒီလိုလုပ်ရပ်မျိုးလုပ်ဖို့ ဝန်မလေးတော့ဘူးထင်တယ်”

“ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ နိုင်ငံရေးလှေကြုံစီးနေသူတွေ အခုလို တစ်စခန်းထနေတယ်ဆိုတာ ပြည်သူလူထုကလဲ သိနေကြပါတယ်ဗျာ”

“ဒါ့ကြောင့်မို့ ဟသ်ာတမြို့နယ် အုတ်ပုံကျေးရွာကိုသွားပြီး ဆူပူ အုံကြွမှုဖြစ်အောင် လုပ်ဆောင်ခဲ့တဲ့ မြင့်အေးတို့လူစုကို အုတ်ပုံရွာသူရွာသားတွေက မှတ်လောက်သားလောက်အောင် သင်ခန်းစာ ပေးလိုက်တာပဲ ဖြစ်မယ်ထင်တယ်”

“ပြည်သူလူထုဟာ အရေခြုံနိုင်ငံရေးသမားတွေရဲ့ လူပေါ်လူဇော်လုပ်တာကို အနှစ်နှစ်အလလ ခံခဲ့ကြရတယ်လေဗျာ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့ဆိုတဲ့ မြန်မာတို့ရဲ့ အစဉ်အလာ စောင့်ထိန်းမှုအရ အောင့်အည်းသည်းခံနေကြရတာဗျ”

“အခုဟာက ဆိုလေကဲလေ မန်းလေပြဲလေဆိုတဲ့ နိုင်ငံရေးလုပ်စား သူတွေရဲ့ မျက်နှာသာပေး ရွှေအေးပန်းကန်တက် လုပ်ရပ်ကို သည်းမခံနိုင်တဲ့ အဆုံးမှာ အများစုရဲ့ဆန္ဒနဲ့ ဆုံးမလွှတ်လိုက်တာပဲဗျ”

“တရားကို နတ်စောင့်တယ်ဆိုတာ ဒါပဲဗျ။ အစိုးရက စိတ်ဝမ်းကွဲပြားမှုတွေ မဖြစ်စေလိုလို့ ထိန်းထိန်းသိမ်းသိမ်းနဲ့ တည့်မတ်ပေးနေတာကို ဟုတ်လှပြီထင်ပြီး အောက်ခြေလွတ်နေတဲ့ အဲဒီလူတွေ မကြာခင် မျောက်သစ်ကိုင်းလွတ်ဖြစ်တော့မှာ သေချာပါတယ်”

“သေချာတာပေါ့ဗျာ။ တကယ်တမ်းပြောရရင် အဲဒီလူတွေ ခုတုံးလုပ် ပြောကြားနေတဲ့ လူ့အခွင့်အရေးတို့၊ ကုန်ဈေးနှုန်းကျဆင်းရေးတို့၊ ၂၄နာရီမီးလင်းရေးတို့ဆိုတဲ့ အခက်အခဲတွေ မြန်မာနိုင်ငံမှာ ပေါ်ပေါက် အောင် လုပ်ဆောင်နေတာက သူတို့ကိုယ်တိုင်နဲ့ သူတို့ရဲ့ ပြည်ပဆရာကြီးတွေ ဖြစ်တယ်ဆိုတာ ပြည်သူလူထုက နားလည်သဘောပေါက်နေကြပြီလေဗျာ။ အဲဒီတော့ အဲဒီလို အကြောင်းပြ စွပ်စွဲချက်တွေနဲ့ ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်နေတာဟာ နားလှည့်ပြီး ပါးရိုက်နေတာနဲ့ အတူတူပဲလေ”

> နိုင်ငံတော်ရဲ့ ကြိုးပမ်းဖော်ဆောင်မှုတွေကို မျက်ခြည်မပြတ် လေ့လာကြည့်ရှုနေတဲ့ ပြည်သူတွေက လာမယ့်တစ်နှစ်နှစ်နှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားဖူလုံတော့မယ်၊ နောင်လေးငါးနှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားတွေ ပိုလျှံလာတော့မယ်၊ ပြည်တွင်း သုံးစွဲမှုဖူလုံပိုလျှံရုံမက ပြည်ပကိုပါ တင်ပို့ရောင်းချနိုင်တော့မယ်ဆိုတဲ့ အလားအလာကောင်းတွေကို ပုံဖော်ကြည့်ရှု မြင်တွေ့နေပြီ။

“ဒါကြောင့်မို့ ပြည်သူလူထုက ယနေ့မြန်မာနိုင်ငံမှာ အသွင်အမျိုးမျိုးဆောင်ပြီး သွေးထိုးလှုံ့ဆော်မှု အမျိုးမျိုးလုပ်နေတဲ့ အဲဒီ အဖျက်အမှောင့်သမားတွေကို လုံးဝလက်မခံဘဲ ဆန့်ကျင်တိုက်ဖျက်သွားတော့မယ်ဆိုတာ ပေါ်လွင်ထင်ရှားလာနေတယ်”

“ဟုတ်တယ်ဗျ။ ပြည်သူတွေအနေနဲ့ သတင်းမီဒီယာမျိုးစုံ၊ စာနယ်ဇင်း မျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်နေကြတာမို့ နိုင်ငံတကာ ဖြစ်ရပ်တွေ၊ ပြည်တွင်းဖြစ်စဉ်တွေကို အပ်ကျတာကအစ သိနေကြတယ်လေဗျာ။ အသိပညာဗဟုသုတ ကြွယ်ဝပြီး ပညာရည်မြင့်မားတိုးတက်လာတာကြောင့် အမှန်နဲ့အမှားကိုလဲ ခွဲခြားရှုမြင်နိုင်စွမ်း ကြီးမားနေပြီဖြစ်တယ်။ ယနေ့ကာလဟာ ၁၉၈၈ ခုနှစ်ကာလကလို ပြည်ပ သတင်းမီဒီယာတွေရဲ့ မဟုတ်မမှန် လုပ်ကြံပြန်ကြားမှု (Missinformation) အောက်မှာ ကျရောက်ရမယ့် ကာလမျိုးမဟုတ်ဘူးဗျ”

“ဒါပေမယ့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားတွေကတော့ Missinformation နည်းကိုပဲ သုံးနေတာတွေ့ရတယ်”

“သူတို့ ဘယ်လိုပဲသုံးသုံး ဒီနေ့ခေတ်ဟာ တိမ်ဖုံးပါလို့ လမသာတဲ့ ခေတ်မဟုတ်တော့ဘူးဗျ။ အစိုးရအနေနဲ့ ပြည်သူလူထု သိသင့်သိထိုက်တဲ့ သတင်းမှန်သမျှကို ပြန်ကြားအသိပေးနေတာ ခင်ဗျားတို့ ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတာပဲ”

“ဟုတ်တယ်ဗျို့။ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် စိုက်ပျိုးမွေးမြူရေး၊ စက်မှုလက်မှုနဲ့ ကဏ္ဍမျိုးစုံမှာ ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာအောင် လိုအပ်တဲ့ အခြေခံကောင်းတွေကို နေရာဒေသအသီးသီးမှာ တည်ဆောက်ဖော်ဆောင်ပေးနေတယ်လေ။ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်တွေ လျော့နည်းသက်သာအောင်လဲ ပံ့ပိုးမှု၊ ကူညီမှုတွေ၊ သွင်းအားစုတွေ ဖြည့်ဆည်းပေးနေတယ်”

“ကုန်ထုတ်လုပ်တဲ့ စက်ရုံအလုပ်ရုံတွေ စက်စွမ်းအားပြည့်လည်ပတ် နိုင်အောင် ပြုပြင်မွမ်းမံတိုးချဲ့ တည်ဆောက်ပေးနေသလို ကုန်သွယ်ပို့ဆောင်မှု စရိတ်စကတွေ လျော့နည်းသက်သာအောင်လဲ ပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အခြေခံကောင်းတွေ ပြည့်စုံအောင် ဖော်ဆောင်ပေးနေတာ တွေ့နိုင်ပါတယ်”

“တစ်ဖက်ကလဲ လေလွင့်ဆုံးရှုံးမှုတွေ လျော့နည်းပပျောက်အောင် ချွေတာခြိုးခြံရေး မူဝါဒချမှတ်ပြီး တွန်းအားပေးဆောင်ရွက်နေတယ်လို့ သိရတယ်ဗျ”

“မကြာသေးခင်က သင်္ကြန်ကာလရုံးပိတ်ရက်မှာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တွေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းတွေ အမြန်ဆုံးပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းစာတွေမှာရော၊ ရုပ်မြင်သံကြားနဲ့ ရေဒီယို ထုတ်လွှင့်ချက်တွေမှာပါ မြင်တွေ့ကြားသိဖတ်ရှုလိုက်ရတယ် မဟုတ်လား”

“ဟုတ်တယ်လေဗျာ။ ရေအားလျှပ်စစ်စီမံကိန်းတွေပြီးစီးချိန်နဲ့ တစ်ပြိုင်တည်းမှာ ဓာတ်အားလိုင်းသွယ်တန်းမှုတွေ အချိန်ကိုက်ပြီးစီးရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားသွားတာကိုလည်း တွေ့လိုက်ရပါတယ်”

“နိုင်ငံတော်ရဲ့ ကြိုးပမ်းဖော်ဆောင်မှုတွေကို မျက်ခြည်မပြတ် လေ့လာကြည့်ရှုနေတဲ့ ပြည်သူတွေက လာမယ့်တစ်နှစ် နှစ်နှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားဖူလုံတော့မယ်။ နောင်လေးငါးနှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားတွေ ပိုလျှံလာတော့မယ်၊ ပြည်တွင်း သုံးစွဲမှုဖူလုံပိုလျှံရုံမက ပြည်ပကိုပါ တင်ပို့ရောင်းချနိုင်တော့မယ်ဆိုတဲ့ အလားအလာကောင်းတွေ ကို ပုံဖော်ကြည့်ရှု မြင်တွေ့နေပြီလေဗျာ”

“ဒါကြောင့်မို့ အခုရေတွင်းတူး အခုရေကြည်သောက်ဆိုသလို ၂၄နာရီ မီးမလင်းနိုင်သေးတာကို အကြောင်းရှာအပြစ်ပြောပြီး ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်မှု ပြုလုပ်နေတာဟာ ပြည်သူလူထုကို စော်ကားမော်ကားပြုလုပ်ရာ ရောက်နေတယ်လို့တောင် ဆိုလိုက်ချင်တယ်ဗျာ”

“အမှန်တကယ်ကတော့ အဲဒီစီမံကိန်းလုပ်ငန်းကြီးတွေကိုသာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ ကူညီထောက်ပံ့မှု အားကောင်းကောင်းနဲ့ အစကတည်းက ဆောင်ရွက်နိုင်ခဲ့မယ်ဆိုရင် အခုနေအခါမှာ လုပ်ငန်းတွေ ပြီးစီးနေလောက်ပြီဖြစ်တယ်။ ဒါပေမယ့် ပြည်ပဆရာကြီးတွေက ပြည်တွင်းက ၎င်းတို့ လက်ပါးစေတွေအလိုကျ ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ထားတာမို့ စိတ်သွားတိုင်းကိုယ်ပါ မလုပ်ဆောင်နိုင်ခဲ့တာဖြစ်တယ်ဗျ”

“ဒါပေါ့ဗျာ။ ဒါကြောင့်မို့ ကုန်ဈေးနှုန်းကျဆင်းရေးတို့၊ ၂၄နာရီ လျှပ်စစ်မီးလင်းရေးတို့ ဆိုတာကိုသာ အဖျက်အမှောင့်သမားတွေ အနေနဲ့ အမှန်တကယ်လိုလားတယ်ဆိုရင် ပြည်ပဆရာကြီးတွေရဲ့ ပိတ်ဆို့ဟန့်တားမှု ရပ်တန့်ဖို့ ဆန္ဒပြတောင်းဆိုရမှာပဲ ဖြစ်တယ်။ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေတဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးနဲ့ လျှပ်စစ်ဓာတ်အားဖူလုံပိုလျှံရေး လုပ်ငန်းစဉ်တွေမှာ ကျရာကဏ္ဍကနေ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရမှာပဲ ဖြစ်တယ်”

“အေးဗျာ။ အခုလို ခင်ဗျားတို့နဲ့ စကားဝိုင်းဖွဲ့လိုက်ရတော့မှပဲ တကယ့်ဖြစ်ရပ်မှန်၊ အခြေအနေမှန်တွေကို သိလာရပြီး စိတ်ဓာတ်ခွန်အားတွေ တိုးပွားပြီး နိုးကြားတက်ကြွလာတယ်ဗျ”

“အရေးကြီးဆုံးကတော့ဗျာ နိုင်ငံတော်က လက်ငင်းလက်တွေ့ ဖော်ဆောင်ပေးထားတဲ့ အခြေခံကောင်းတွေကို ကျွန်တော်တို့ အားလုံး စနစ်တကျအသုံးချပြီး မိမိကိုယ်တိုင်နဲ့ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်နဲ့ မိမိနိုင်ငံအကျိုးကို မမှိတ်မသုန် သယ်ပိုးသွားကြဖို့ပါပဲ။ အဲဒီအခြေခံကောင်းတွေ မပျက်မစီးရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ပါပဲ။ ဒါမှသာ အနာဂတ်နိုင်ငံတော်အတွက် အလားအလာကောင်းတွေ ပိုမိုဖြစ်ထွန်း တိုးတက်လာမှာဖြစ်ပါတယ်”

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၄-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၀ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Happy and Educational English Summer Course MRTV.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅း၀၀ ၅။ မြန်မာစာ၊မြန်မာစကား
၅း၁၀ ၆။ သီချင်းကြီးပဒေသာ
၅း၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၅း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၂။ Discovery
၇း၁၅ ၁၃။ **“မပြောမပြီး မတီးမမြည်” (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ အိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
၇း၃၅ ၁၄။ အာဆီယံနိုင်ငံအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **“ကံ--ကံ၏အကျိုး” (ကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊မြတ်ကေသီအောင်) (ဒါရိုက်တာ-မောင်နှင်းမိုး)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းသည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်းရှိ ပူးပေါင်းဌာနဆိုင်ရာအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေး၍ ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးအတွက် စေတနာထားဆောင်ရွက်ရေး၊ ကုန်သွယ်မှု တိုးတက်အောင် မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးအောင် ဌာနဆိုင်ရာများနှင့် ကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှု တိုးတက်ဖြစ်ထွန်းရေးတို့ အတွက် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး၏ ဝင်/ထွက်ဂိတ်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် ကုန်သွယ်ရေးစခန်း ခန်းမ၌ ဗန်းမော်-လွယ်ဂျယ် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သည်အချင်းချင်း ခင်မင်ရင်းနှီးစွာ ကုန်သွယ်ဆက်ဆံရေး၊ ပုံမှန်ကုန်သွယ်ရေးနည်းလမ်းများအတိုင်း စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၌လည်း ပါဝင်ရင်းနှီးမြှုပ်နှံ တိုးချဲ့ထုတ်လုပ်တင်ပို့ရေး မှာကြားပြီး တက်ရောက်လာသော ကုန်သည်လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို ဝန်ကြီးက ပြန်လည် ဖြေကြားရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် လင်းလွန်းလမ်းမှ ဒေါက်တာအောင်လွင်-ဒေါ်ရီရီဝင်း၊ သမီး မာလာရီလွင်၊ သား ဇော်ဝင်းအောင် မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ဒိုက်ဦး ဝက် မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံ တွင် ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဧပြီ ၂၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ရှိ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံသို့ရောက်ရှိရာ ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံမှ ထုတ်လုပ်သော ပြုပြင်ပြီး ဝက်သားနမူနာများနှင့် တိရစ္ဆာန်အစာနမူနာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် စက်ရုံအစည်းအဝေး ခန်းမ၌ ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံမှူး ဒေါက်တာပြည့်စုံက စီမံကိန်း လျာထားချက်များနှင့် အကောင်အထည် ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ ဒေါက်တာသန်းရွှေက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ယင်းနောက် ဝန်ကြီးက စီမံကိန်း လျာထားချက်များကို ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝက်များတွင် ဖြစ်တတ်သော ခွာနာ ရှာနာ ရောဂါဖြစ်ပွားခြင်း မရှိအောင် ကြိုတင်စီမံ ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲပေါင်းစက်ရုံမှ ထုတ်လုပ်သော ဝက်စာများ၊ သားစပ်နှင့် မျိုးဝက်မကြီး ဆောင်၊ သားခွဲဆောင်၊ သားဖွားဆောင်၊ ဝက်လတ်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

တွေ့ဆုံဆွေးနွေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အစာစပ်စက်ရုံရှိ ကောက်ရိုးဖိစက်၊ ဝက်ချေးစစ်ကန်နှင့် မြေသြဇာတောင့် ထုတ်လုပ်ရေးစက်နှင့် ထုပ်ပိုးမှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးအမှာစကား ပြောကြားသည်။

ဆောင်ရွက်ပေး

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက် ရေးကော်မတီ (ရွှေသီဂီရိတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း မြို့နယ်) သို့ မိဘများနှင့် ခင်ပွန်း ဦးသိန်းရွှေ၊ သား မောင်အောင်စည် သိမ်းတို့ကို ရည်စူး၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊(၃၄) ရပ်ကွက်၊ သင်းဝင် (၆) လမ်းနေ ဒေါ်မြင့်သန်း (အထက- ၂၊ ပန်းဘဲတန်း၊ ငြိမ်း) မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင် မြင့် လက်ခံယူစဉ်။ (က-ပ)

သမိုင်းဝင် ကုဿာပုဏ္ဏစေတီတော် ပန္နက်တင်မင်္ဂလာ ကျင်းပ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ အမရဝတီ ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ရှေးဟောင်းသမိုင်းဝင် ကုဿာပုဏ္ဏ စေတီတော်အား ပြန်လည် တည်ထားကိုးကွယ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသော ဆရာတော် ဘဒ္ဒန္တ ရေဝတအား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အမရဝတီကျောင်း သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်) ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများထံ ညွှန့်ပရိသတ်များက ပရိတ်ရေ၊ ပရိတ်ပန်းများ ဆက်ကပ်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရား တော်များ ဟောကြားကြကာ စေတီ တော်အား လက်ယာရစ်လှည့်လည် ပူဇော်ပြီး ပန္နက်တင်ပေးတော်မူကြ သည်။

ယင်းနောက် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော် ဘဒ္ဒန္တ ရေဝတအား တေးသံရှင်များက ပိုဒ်စုံရတုဖြင့် ချီးကျူးပူဇော်ကြပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်) ထံမှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချတရားတော် နာယူကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

မြို့ ရှာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း

ရန်ကုန် ဧပြီ ၂၄

မကွေးတိုင်း မြိုင်မြို့နယ်လက်ယက်မ စံပြကျေးရွာ မနောရမ်ကျောင်းတိုက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း (၄)ကြိမ်မြောက်ဖွင့်ပွဲကို ဧပြီ ၁၈ ရက် (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၃ ရက်) ဗုဒ္ဓဟူးနေ့တွင် ဖွင့်လှစ်ရာ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဝိဇယ(မြို့နယ်ဝိနည်းဓိုရ်ဆရာတော်)၊ သင်တန်းမှူး မြသိန်းတန်ကျောင်းတိုက် စာချဂဏဝါစက ဘဒ္ဒန္တ စန္ဒိမာ (သာသနဓဇဓမ္မာစရိယ) နှင့် သင်တန်းနည်းပြ ဆရာတော်များ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား၊ သင်တန်းသူများ စုံညီစွာ တက်ရောက် ကြကြောင်း သိရသည်။

(က-ပ)

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဓာတ်ပုံပြပွဲ၊ နံရံကပ် စာစောင်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးဆွေးနွေးပွဲကို ဧပြီ ၁၀ ရက်က (စ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးမိုးလွင်ဦးတို့ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်"(အပိုင်း-၄၄)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၃၈)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မဟာဓာတ်အားလိုင်းစီမံကိန်းသို့ ပစ္စည်းများ ရထားဖြင့်တင်ပို့မှုနှင့် ရွှေစာရံဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ထုံးဖိုဘူတာရုံသို့ရောက်ရှိပြီး (၂၃၀)ကေဗွီ ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းစီမံကိန်းသို့ မီးရထားတွဲများဖြင့် ဆက်လက်ပို့ဆောင်မည့် (၂၃၀)ကေဗွီ ဓာတ်အားလိုင်း ကြိုးခွေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ရွှေက ရွှေလီ-မန်စံ-ရွှေစာရံ(၂၃၀)ကေဗွီဓာတ်အားလိုင်း စီမံကိန်းသို့ ပစ္စည်းများရောက်ရှိမှု၊ လုပ်ငန်းခွင်သို့ ဆက်လက်ပို့ဆောင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အမြန်ဆုံးပြီးစီးရန် စစ်ဆေးကြပ်မတ်သွားကြရေးမှာကြားပြီး (၂၃၀)ကေဗွီ ဓာတ်အားလိုင်းကြိုးခွေများ မီးရထားတွဲတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၂၃၀)ကေဗွီ ရွှေစာရံ ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း မန်နေဂျာ ဦးဇော်ရဲမြင့်က ကျောက်မဲ-ရွှေစာရံအပိုင်း တာဝါတိုင် စိုက်ထူခြင်း၊ ဓာတ်အားလိုင်း Right of Way တောရှင်းခြင်း၊ ဖောင်ဒေးရှင်း မြေကျင်းတူးခြင်း၊ ပစ္စည်းစုဆောင်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ရွှေက ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်း တည်ဆောက်မှုတွင် ရွှေလီ-ကျောက်မဲအပိုင်းနှင့် ကျောက်မဲ-ရွှေစာရံ အပိုင်းတို့ကို နှစ်ပိုင်းခွဲ၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင်ရာသီဥတုအပေါ် မူတည်ပြီး လုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်းပစ္စည်းများသယ်ဆောင်ရာတွင် လိုအပ်သော ယာဉ်များအခြေအနေ၊တာဝါတိုင်စိုက်ထူခြင်းတွင် အသုံးပြုမည့် ကျောက်၊ သဲများစုဆောင်းခြင်း၊ ယာဉ်ယန္တရားများဖြင့် လုပ်ငန်းသုံးလမ်း (Access Road)ဖောက်လုပ်မှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တင်ပြမှုများအပေါ် မှာကြားရာတွင် ရွှေလီ-မန်စံ-ရွှေစာရံဓာတ်အားလိုင်းနှင့် ရွှေလီဓာတ်အားခွဲရုံ၊ မန်စံဓာတ်အားခွဲရုံ၊ ရွှေစာရံဓာတ်အားခွဲရုံ စီမံကိန်းများသည်နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းကြီးများဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးသည် အဓိကဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို တင်ပြတောင်းခံပြီး ကျန်ရှိသောလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သွားစေလိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသများပါ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေလီ-မန်စံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းသွယ်တန်းမည့် နောင်ချိုမြို့နယ်ဂုတ်ထိပ်တံတားအနီးရှိ ဂုတ်ထိပ်တောင်ကြားကို ဖြတ်သန်းသွယ်တန်းမည့် တာဝါတိုင် အမှတ်(၃၂၄)နှင့် (၃၂၅)တိုင်များစိုက်ထူမည့် မြေအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းကြိုးများ စနစ်တကျရှိစေရေး၊ အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေးမှာကြားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဥက္ကလာဦးဓမ္မဆုတောင်းပြည့်စေတီတော် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ဈ/တောင်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၁)သဃ်္ဃန်းကျွန်းအထက(၂)အနီး၌ ၁၃၁၂(၁၉၅၀)ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော ဥက္ကလာဦးဓမ္မဆုတောင်းပြည့်စေတီတော်ကြီးအား ဧပြီဝရက်တွင် လုံးတော်ပြည့်ကြေးပြားနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပြီး ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ဧပြီ၃၀ရက်(ကဆုန်လပြည့်နေ့)နံနက်၉နာရီမှ ၁၂နာရီအထိ စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာအလှူရှင်များ၊ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုနိုင်ပြီး ဓမ္မသဘင်များအနေဖြင့် ဧပြီ ၃၀ ရက် ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်းတောင်ရိုးအရှင်တေဇိန္ဒ(ဓမ္မကထိက)ကလည်းကောင်း၊ မေ၁ရက်ညတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စစ်ကိုင်းတောင်ရိုး အရှင်ဒေဝိန္ဒာဘိဝံသ (ဓမ္မကထိက)ကလည်းကောင်း၊ မေ ၂ ရက် ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ(D.Litt)(Ph.D) ကလည်းကောင်း ညစဉ် ၇ နာရီမှ စ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

❍ ကျောဖုံးမှ

ဆားတွင်ပါဝင်သော ဆိုဒီယမ်ဓာတ်သည် သွေးတိုးရောဂါ အခံရှိသူများကြားတွင် ပိုမိုအကျိုးသက်ရောက်မှုရှိကြောင်းကို သိရှိရသည်ဟု ကွတ်က ပြောကြားသည်။

သွေးတိုးရောဂါဖြစ်ပွားသူများအကြားတွင် ဆိုဒီယမ်စားသုံးမှု လျှော့ချပါက သွေးတိုးရောဂါလျော့နည်းစေနိုင်ကြောင်းကို လူအများက လက်ခံထားပြီဖြစ်သည်။ ယခုအခါတွင်ဆိုဒီယမ်ကိုလျှော့စားသုံးမည်ဆိုပါက နှလုံးသွေးကြောဆိုင်ရာ ရောဂါကိုပါ လျော့ကျစေနိုင်ကြောင်း ထပ်မံတွေ့ရှိရသည်ဟု သူမကပြောကြားသည်။

သုတေသီများသည် ဆားစားသုံးမှုနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုကို သိရှိနိုင်ရန် စမ်းသပ်မှု နှစ်ရပ်ပြုလုပ်ခဲ့သည်။

စမ်းသပ်မှုတွင်ပါဝင်သူများသည် သွေးပေါင်ချိန်အမြင့်ဆုံးတွင်ရောက်ရှိနေသူများဖြစ်ကြပြီး နှလုံးရောဂါဖြစ်ပွားရန် အလားအလာများပြားသူများဖြစ်ကြောင်း တွေ့ရသည်။ ပထမစမ်းသပ်မှုကို ၁၉၉၀ ပြည့်နှစ်တွင် အဆုံးသတ်ခဲ့သည်။ ထိုစဉ်က ပါဝင်စမ်းသပ်ခံသူဦးရေမှာ ၇၄၄ ဦးရှိသည်။ ဒုတိယစမ်းသပ်မှုကို ၁၉၉၅ ခုနှစ်တွင်အဆုံးသတ်ခဲ့သည်။ ထိုစမ်းသပ်မှုတွင်ပါဝင်သူဦးရေမှာ ၂၃၈၂ ဦးရှိသည်။

စမ်းသပ်မှုပြုလုပ်ရာ၌ ပထမအကြိမ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်တွင်လည်းကောင်း အစမ်းသပ်ခံသူများကို အုပ်စုနှစ်စုခွဲလိုက်သည်။ တစ်စုမှာ ဆားစားသုံးမှုလျှော့ချထားသော အုပ်စုဖြစ်ပြီး အခြားတစ်စုမှာ ဆားစားသုံးမှုလျှော့ချမထားသောအုပ်စုဖြစ်သည်။ ဆားစားသုံးမှုလျှော့ချသောအုပ်စုသည် စားနေကျပမာဏအောက် ၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ဆားကို လျှော့ချ၍စားသုံးစေခဲ့သည်။

ဆားလျှော့ချစားသုံးသူများတွင် နှလုံးရောဂါဖြစ်ပွားမှု အလားအလာသည် ၂၅ ရာနိုင်နှုန်းအထိ လျော့ပါးသွားနိုင်သည်ဟု သုတေသီများက ပြောကြားကြသည်။ အင်တာနက်။

နိကာယ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ဇွန် ၅ ရက်မှစ၍ ဇွန် ၉ ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်းသာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၃)ပြင်ဦးလွင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၄

အထက(၃) ပြင်ဦးလွင် ယခင် St.Joseph Convent ကျောင်းသူဟောင်းများ၏အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ၊ မိတ်ဆုံစားပွဲနှင့် အမှုဆောင်အသစ်ပြန်လည် ရွေးချယ်ပွဲကို ဧပြီ ၃၀ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပတ္တမြားခန်းမအထက(၃) ပြင်ဦးလွင်မြို့တွင် ကျင်းပမည်ဖြစ်၍ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ကြီးကြပ်ဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက်က အထက(၃) အောင်ဆန်းခန်းမတွင်ကျင်းပရာ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် အရန်မီးသတ်တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း နှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဗိုလ်တထောင်စေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဧပြီ ၃၀ ရက်တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်၍ စေတီတော်ရင်ပြင်တောင်ဘက် မဟာဗောဓိမဏ္ဍပ်မြိုင်ရှိ ဗောဓိပင်၌ ဘုရားဖူးလာ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်း တစ်နေကုန်ကဆုန်ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် အမွှေးနံ့သာ၊အောင်သပြေ၊ တာအိုးများ စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာဝိဇယစေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ဓမ္မရက္ခိတကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၆၉ခုနှစ် ကဆုန်လပြည့်နေ့ (၂၀၀၇ ခုနှစ် ဧပြီ ၃၀ ရက်) တနင်္လာနေ့ နံနက် ၈ နာရီတွင် စေတီတော်ကြီး၏ မဟာဗောဓိပင်၌ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်များမှ ဘာသာရေးအသင်းအဖွဲ့များနှင့် ရဟန်းရှင်လူပြည်သူများက ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်ရွှေမုဋ္ဌော စေတီတော်အတွက်အလှူငွေများ ပေးအပ်

ရန်ကုန် ဧပြီ ၂၄

ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးနှင့် အရှေ့ဘက်မုခ်ဦးစောင်းတန်း၊ အာရုံခံတန်ဆောင်းများ၊ ရုပ်ပွားတော်များ၊ အရံစေတီ ၁၆ ဆူတို့ကို ပြုပြင်မွမ်းမံရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)ကကျင်းပရာ ပုသိမ်အသင်း (ရန်ကုန်)က အလှူတော်ငွေကျပ်၃၁သိန်းကို စေတီတော် အလှည့်ကျသဘာပတိ ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်းထံ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စေတီတော်ကြီးအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၀၄၂-၂၅၂၉၈၊၀၄၂-၂၄၂၇၇၊ ၀၄၂-၂၅၂၄၂နှင့် ၀၄၂-၂၅၃၃၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၄၅	Midweek Sport News
၇း၀၅	သဘာဝဟာ သဘာဝပါ တရားတော် (ဆရာတော် အရှင်သုမင်္ဂလ)	၁၁း၀၀	မိုးလေဝသခန့်မှန်းချက်
၈း၀၀	ကမ္ဘာမြေကိုကာကွယ်ဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့(အပိုင်း-၂)	၁၁း၀၅	ပြည်တွင်းမှာပင်ချုပ်လုပ်ထားခေတ်မီအသွင်ဆန်း သားရေအိတ်များ
၈း၄၀	တေးဂီတအစီအစဉ်	၁၁း၂၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာအနုပညာရေးရာ	၁၁း၂၅	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း-၂)
၉း၁၅	တေးဂီတအစီအစဉ်	၁၁း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုတ်ပါ	၁၁း၅၅	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း	၁၂း၁၅	တေးဂီတအစီအစဉ်
၉း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၂း၂၀	Yangon Panorama (၅၈)ကြိမ်မြောက် သင်္ကြန်ဝါကြီးပူဇော်ပွဲအခမ်းအနား (ကြည့်မြင်တိုင်မြို့နယ်)
၁၀း၁၀	ရော်ဘာသစ်အလှ ပရိဘောဂ		
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း	၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	အနာကြီးရောဂါပြန်လည်ထူထောင်ရေးလုပ်ငန်းများ	၁၂း၄၀	မြန်မာစာ၊မြန်မာစကား(၉)
		၁၂း၅၅	တေးဂီတအစီအစဉ်
၁၀း၄၀	တေးဂီတအစီအစဉ်	၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Chelsea-Liverpool	5-Sports(Live)

တတိယအကြိမ် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ ကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို အထက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D. Litt) Ph.D	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၁)ရက် ကြာသပတေးနေ့(၂၆-၄-၂၀၀၇)
သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက၊ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၂)ရက် သောကြာနေ့ (၂၇-၄-၂၀၀၇)
(ကျောက်တစ်လုံး တောရဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၃)ရက် စနေနေ့ (၂၈-၄-၂၀၀၇)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၉ခု၊
ကဆုန်လဆန်း(၁၁)ရက်မှ
(၁၃)ရက်အထိ၊
၂၀၀၇ခုနှစ်၊ ဧပြီ(၂၆)ရက်မှ
(၂၈)ရက်အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ်
ဂန္ဓကုဋိတန်ဆောင်းတော်ကြီး
ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း
ကြည့်မြင်တိုင်မြို့နယ်

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

အင်တာနက်အားကစားသတင်းများ

အနာဂတ်ရည်မှန်းချက် ရော်ဘင်ဟို ဖွင့်ဟ

မဒရစ် ဧပြီ ၂၄

မိမိသည် အသက် (၃၀)အရွယ်သို့ ရောက်သည့်အခါ ဆုကြေးစား ဘောလုံးသမားဘဝမှ အနားယူမည်ဖြစ်ကာ ကလေးသူငယ်များကို ဘောလုံးကစားနည်း သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယခုအခါတွင်မူ အင်အားခိုင်မာတောင့်တင်းလာသော ရီးယဲလ်မဒရစ် အသင်းတွင် မိမိရှိနေခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ရော်ဘင်ဟိုက ယနေ့ပြောကြားသည်။

ကျေနပ်မိ

ရီးယဲလ်မဒရစ်အသင်းသည် ယခုအခါ နပျိုလန်းဆန်းပြီး အင်အားခိုင်မာသည့်အသင်းအဖြစ်သို့ ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း၊ စွမ်းရည်မြင့်မားသောအသင်းအဖြစ်သို့ ပြုပြင်ပြောင်းလဲသည့်လုပ်ငန်းစဉ်တွင် မိမိပါဝင်ခွင့်ရသဖြင့် ကျေနပ်မိကြောင်း အသက် (၂၃)နှစ်အရွယ်ရှိ ရော်ဘင်ဟိုက ပြောကြားသည်။

ဘရာဇီးလူမျိုး ရော်ဘင်ဟိုသည် ဘရာဇီးလက်ရွေးစင်အသင်းတွင်လည်း ပါဝင်ကစားနေသူဖြစ်သည်။

ကမ္ဘာ့ပေါ်ရှိ အထူးချွန်ဆုံး လူငယ်ဘောလုံးသမားများတွင် ရော်ဘင်ဟိုပါဝင်သည်ဟု သတ်မှတ်ချီးကျူးခံခဲ့ရသူဖြစ်သည်။

အင်တာနက်

ကင်မရွန်းလူမျိုး နောက်တန်းလူ အင်ဒရေဘိုက်ကီ (ယာ)။

(ဓာတ်ပုံ- အင်တာနက်)

အင်ဒရေဘိုက်ကီအား ရီးဒင်းအသင်းဝယ်ယူ

လန်ဒန် ဧပြီ ၂၄

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ရီးဒင်းအသင်းသည် ယင်းအသင်းတွင် အငှားစာချုပ်အရ ပါဝင်ကစားနေသူ နောက်တန်းလူ အင်ဒရေဘိုက်ကီအား အပြီးအပိုင် ဝယ်ယူလိုက်ပြီဖြစ်ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

ကင်မရွန်းလူမျိုး အင်ဒရေဘိုက်ကီအား ရုရှားနိုင်ငံရှိ လိုကိုမိုးတစ် မော်စကိုအသင်းက ၂၀၀၆ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် အငှားချစာချုပ်အရ ဘောလုံးရာသီတစ်ရာသီအတွက် ငှားရမ်းပေးခဲ့သည်။

ယခုအခါတွင်မူ ရီးဒင်းအသင်းက အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ တစ်သန်းကျော်ဖြင့် အင်ဒရေဘိုက်ကီအား အမြဲတမ်းဘောလုံးသမားအဖြစ် လက်ခံလိုက်ပြီဖြစ်သည်။ ***အင်တာနက်***

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဂိုးအများဆုံးသွင်းသူများ

လန်ဒန် ဧပြီ ၂၄

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းနိုင်သူများစာရင်းကို တနင်္ဂနွေနေ့က ထုတ်ပြန်လိုက်ရာ အောက်ပါအတိုင်းဖြစ်သည်-

ဒစ်ဒီယာဒရော့ဘာ(ချယ်လ်ဆီး)	(၁၉ဂိုး)
စီရော်နယ်လ်ဒို(မန်ယူ)	(၁၆ဂိုး)
ဘင်နီမက္ကာသီ(ဘလက်ဘန်းရိုဗာ)	(၁၅ဂိုး)
ဝိန်းရူနီ(မန်ယူ)	(၁၃ဂိုး)
ကီဗင်ဒွိုင်း(ရီးဒင်း)	(၁၂ဂိုး)
ယာကူဘူ(မစ်ဒယ်ဘရော့)	(၁၂ဂိုး)
ဒတ်ကွတ်(လီဗာပူး)	(၁၂ဂိုး)
နီကိုလပ်စ် အနယ်ကာ(ဘော်လ်တန်)	(၁၁ဂိုး)
အိုဘာဖီမီမာတင်(နယူးကာဆယ်)	(၁၁ဂိုး)
ဒါရင့်ဘန့်(ချာလ်တန်)	(၁၁ဂိုး)
ဘော်ဘီဇမ်မိုရာ(ဝက်စ်ဟမ်း)	(၁၁ဂိုး)
အင်ဒီဂျွန်ဆင်(အဲဗာတန်)	(၁၁ဂိုး)
ရော်ဘင်ဗန်ပါစီ(အာဆင်နယ်)	(၁၁ဂိုး)
ဖရန့်လမ်းပတ်(ချယ်လ်ဆီး)	(၁၁ဂိုး)

အင်တာနက်

ဧပြီ ၂၂ ရက်က ကျင်းပသော ပရီမီယာ လိဂ်ဘောလုံးပြိုင်ပွဲတွင် ဒစ်ဒီယာဒရော့ဘာ (ယာ) နှင့် နယူးကာဆယ်အသင်းမှ စတီဗင်တေလာတို့အား တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်စောင်းတန်း တည်ဆောက်ရေးငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း တည်ဆောက်ရေးအတွက် စေတနာရှင်များက လှူဒါန်းလျက်ရှိရာ အလှူရှင်များဖြစ်ကြသည့် ဦးသောင်းစိန်-(ဒေါ်သိန်းရီ) ဒေါ်ရင်လှမိသားစု ဝေါ-စိန် စက်မှုလုပ်ငန်းမှ ဒုတိယအကြိမ် ငွေကျပ်ရှစ်သိန်း၊ ကွယ်လွန်သူ ဦးစစ်ယုံအား ရည်စူး၍ ဒေါ်ခင်စိန် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးဝင်းကျော်မိုး-ဒေါ်ဝေမာဟန် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဇော်ထွန်းသင်-ဒေါ်ခင်သီတာ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင်ကြည် - ဒေါ်စန်းရီ မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးဘစိန်-ဒေါ်ညှာ မိဘများအားရည်စူး၍ သားသမီး မြေးတစ်စုက ငွေကျပ်ငါးသောင်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးအေးကို-ဒေါ်ရွှေမြင့် (ယမုံနာ) မိသားစုက (ဒုတိယအကြိမ်) ငွေကျပ်ငါးသောင်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ တောင်ဘက် စောင်းတန်းတော်ကြီးကို ၂၀၀၇ခုနှစ် မေလ မှစတင်၍ တည်ဆောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(ကြေးမုံ)

မိုး

သတိပြု

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ ၂၄-၄-၂၀၀၇ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီးတို့နှင့်အတူ နိုင်ငံနှင့်သာသနာ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး	-	မမြတ်သက် B.A(English) B.M Tech (Medical Imaging Technique)
ချစ်သား	-	ရဲမင်းသူ Dip; M.M
ချစ်သမီးငယ်	-	မတင်ဆုမွန် 1st Year Civil (GTC)

အိမ်ရောင်းမည်

မိသားစုများနေထိုင်ရန် သင့်တော်ကောင်းမွန်ပါသည်။ တောင်ဥက္ကလာပဘုရားနှင့် ချယ်ရီဥယျာဉ်မြို့တော် (အိမ်ရာ)အနီး၊ ၁/၄-၃ (ယုဇနမာလာလမ်း) တောင်ဥက္ကလာပ၊ မြေကွက်(၇၅ ပေ x ၅၆ ပေ) အရှေ့ဘက်လှည့်ထောင့်ကွက်၊ RC(၂)ထပ်၊ ဘုရားခန်း၊ ဧည့်ခန်း(၂)ခန်း၊ အိပ်ခန်း (၄)ခန်း၊ ထမင်းစားခန်း၊ မီးဖိုနှင့် ကားဂိုဒေါင်ပါ (၃၂၇၀-စတုရန်းပေ) အဝီစိတွင်း၊ Ground Tank နှင့် စတီး Over Tank၊ ရေစင်ပါ၊ Air-Con (Spirt Type) ၆လုံး၊ တယ်လီဖုန်း၊ ပါဝါမီတာနှင့် ရိုးရိုးမီတာပါ၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဖုန်း ၀၉၈-၀၃၁၉၇၂၊ ၀၉၅-၃၀၁၆၆၀

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှဦးစီး၍ သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲကို ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမတွင် ဧပြီ ၁၈ ရက်က ကျင်းပရာ အဘိုး၊ အဘွား ၅၄ ဦးအား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်း အဖွဲ့ဝင်များက အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(ခရိုင်အမျိုးသမီးရေးရာ)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Hul Phany တို့ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၂၄-၄-၂၀၀၇)

ချောက်နှင့်သာယာဝတီ
၄၃ ဒီဂရီ စင်တီဂရိတ်
(၁၀၉ ဒီဂရီ ဖာရင်ဟိုက်)

မင်းဘူးနှင့် မကွေး
၄၂ ဒီဂရီ စင်တီဂရိတ်
(၁၀၈ ဒီဂရီ ဖာရင်ဟိုက်)

ရန်ကုန်
၄၀ ဒီဂရီ စင်တီဂရိတ်
(၁၀၅ ဒီဂရီ ဖာရင်ဟိုက်)

ကြေးမုံ The Mirror ဆောင်းပါး အညွှန်း

"ပြည်သူလူထုက ယနေ့မြန်မာနိုင်ငံမှာ အသွင်အမျိုးမျိုးဆောင်ပြီး သွေးထိုးလှုံ့ဆော်မှု အမျိုးမျိုးလုပ်နေတဲ့ အဲဒီအဖျက်အမှောင့်သမားတွေကို လုံးဝလက်မခံဘဲ ဆန့်ကျင်တိုက်ဖျက်သွားတော့မယ်ဆိုတာ ပေါ်လွင်ထင်ရှားလာနေတယ်"

စာဖတ်သူတစ်ဦး၏ **"စာဖတ်သူတို့ စကားဝိုင်း"**
(ဆောင်းပါး) စာမျက်နှာ-၈၊၉

အင်တာနက်ကျန်းမာရေးသတင်း

ဆားလျှော့စားခြင်းသည် သွေးတိုးသက်သာစေရုံသာမက နှလုံးသွေးကြောရောဂါ ဖြစ်ပွားမှုကိုလည်း လျှော့ကျနိုင်

ပေကျင်း ဧပြီ ၂၃

ဆားစားသုံးမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံတွင်သုတေသနပြု လေ့လာမှုပြုလုပ်ရာ ဆားလျှော့၍ စားသုံးခြင်းသည် သွေးတိုးရောဂါကိုသာ သက်သာစေသည်မဟုတ်ဘဲ နှလုံးသွေးကြောရောဂါ ဖြစ်ပွားမှု အခြေအနေကိုပါ လျှော့ကျစေနိုင်သည်ဟူသော အချက်ကိုပါတွေ့ရှိရကြောင်း ပညာရှင်များက ဧပြီ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

နေ့စဉ်စားသုံးသော အစားအစာများတွင် ဆားကိုလျှော့ချပြီး စားသုံးမည်ဆိုပါက နှလုံးသွေးကြောရောဂါဖြစ်ပွားမှု အခြေအနေကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်ဟု သုတေသီများကဆိုသည်။

ဖော်ပြပါသုတေသနလုပ်ငန်းကို ဟားဗတ်ဆေးပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ နန်စီကွတ်က ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့၏ ဆားစားသုံးမှုသည် လိုသည်ထက် အတော်အတန်များပြားနေကြောင်း၊ ဆားစားသုံးမှုပမာဏကို လျှော့ချနိုင်မည်ဆိုပါက နှလုံးသွေးကြောရောဂါ ဖြစ်ပွားမှု အလားအလာကိုပါလျှော့ချနိုင်သည်ဟု ကွတ်ကပြောကြားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၄-၂၀၀၇

မောင်တော
၁ ဒသမ ၈၉ လက်မ

ပြင်ဦးလွင်
၁ ဒသမ ၇၄ လက်မ

မချမ်းဘော
၀ ဒသမ ၅၅ လက်မ

မော်လိုက်
၀ ဒသမ ၅၁ လက်မ

စစ်ကိုင်း
၀ ဒသမ ၄၇ လက်မ

ပူတာအို
၀ ဒသမ ၃၉ လက်မ